http://www.cherrythitsar.org



http://www.cherrythitsar.org

၁၊ ဒီဇင်ဘာ၊ ၁၉၉၈

မောင်လွင်ပြင်
စီစဉ်သည်

http://www.cherrythitsar.org

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**မြန်မာနိုင်ငံသား အားလုံး၏ တာဝန်ဖြစ်သည်။**

## အထွက်ကောင်းကောင်း စာအုပ်တိုက်မှ ထုတ်ဝေပြီး စာအုပ်များ


၁။ ဟိုတယ်သုံးအင်္ဂလိပ်စကား (ဦးမြင့်ဦး၊ အင်္ဂလိပ်စာနည်းပြဟောင်း)
၂။ ဂျပန်၊ မလေးရှား၊ အင်္ဂလိပ်၊ မြန်မာ အခြေခံစကားပြော (အထွက်ကောင်းကင်စာတည်းအဖွဲ့)
၃။ ကျောင်းနေရင်းဝယ်တာနည်းပညာ (ခင်သန့်)
၄။ မေတ္တာ (လင်းဝေမြိုင်)


## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ


၁။ ခြောက်စရာရာမနှင့် မော်ခရူးဘီးယားဝတ္ထုတိုများ (မောင်ထွန်းသူ)
၂။ လူမှာဆောင်ခေါ်သည့်နှင့် နိုင်ငံတကာဝတ္ထုတိုများ (မောင်ထွန်းသူ)
၃။ နိုင်ငံတကာ စကားပုံများ (ခင်မောင်တိုး - နိုးမိတ်)
၄။ ခင်ကာလူအဆင့်မြင့်အက်ဆေးများ (ဦးမြင့်ဦး၊ အင်္ဂလိပ်စာနည်းပြဟောင်း)
၅။ အမေနဲ့ကျော့ချင်သတဲ့လားနှင့် နိုင်ငံတကာဝတ္ထုတိုများ (လင်းဝေမြိုင်)
၆။ ကုတ်အင်္ကျီ (လင်းဝေမြိုင်) (ဒု-အကြိမ်)
The Overcoat (Nikolai Gogol)
၇။ အာရှခေါင်းဆောင်များရုပ်ပုံလွှာ တစ်စုတစ်စောင်း (မောင်နို သစ်)
၈။ စာဖတ်ကျွမ်းခြင်းဖြင့် ဘဝတိုးတက်ရေး (ခင်သန့်)
(စာဖတ်ကောင်းသူဖြစ်အောင် စနစ်တကျဖတ်နည်း)
၉။ စာဖတ်ကျွမ်းခြင်းဖြင့် ဘဝတိုးတက်ရေး-၂ (ခင်သန့်)
(ကျောင်းစာကို ကျေညက်အောင် စနစ်တကျဖတ်နည်း)
၁၀။ စာဖတ်ကျွမ်းခြင်းဖြင့် ဘဝတိုးတက်ရေး-၃ (ခင်သန့်)
(စာနယ်ဇင်းစာကို အကျိုးရှိအောင် စနစ်တကျဖတ်နည်း)
၁၁။ စစ် (လင်းဝေမြိုင်)
The Fate of a Man (Mikhail Sholokhov)
၁၂။ သစ်တုံးဘုရင် ဖော်စာအုပ်နှင့် နိုင်ငံစုံပုံပြင်များ (ခင်မောင်တိုး - နိုးမိတ်)
၁၃။ နှစ်ဆယ့်နှစ်ရာစု (ပါရဂူ)
၁၄။ ခင်ဦးကာစရော့ဖ်၏ မျက်နှာအလှပြင်သည့်ပညာ ([illegible])
၁၅။ ဝင်းငြိမ်း၏ မေးမူးလွှာ အင်တာဗျူးများ (ဝင်းငြိမ်း)

http://www.cherrythitsar.org

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက် အမှတ် - ၂၂၀/၉၅ (၄)
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် - ၅၁၃/၉၈ (၁၁)

■

ပုံနှိပ်ခြင်း
အုပ်ရေ - ၁၀၀၀
ပထမအကြိမ်၊ ၁၉၉၈ - နိုဝင်ဘာလ

■

မျက်နှာဖုံးနှိပ်သူ
ဦးမင်းဟန် (၀၃၁၅၄) မင်္ဂလာသောင်း ပုံနှိပ်တိုက်
အမှတ် ၇၅ ၄၃ လမ်း ဗိုလ်တထောင် ရန်ကုန်။

■

အတွင်းပုံနှိပ်သူ
ဦးတင်အောင်ဝင်း (၀၃၃၀၉) သီရိရတနာ ပုံနှိပ်တိုက်
အမှတ် ၁၆၂ ၄၅ လမ်း (အထက်)၊ ရန်ကုန်။

■

ထုတ်ဝေသူ
ဦးမိုးကြည် (၀၉၅၈) မိုးကြည်စာပေ
အမှတ် ၃ (က)၊ (ဂ) ရပ်ကွက် ဈာပနလမ်း
ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်မြို့။

■

ကွန်ပျူတာစာစီ
Light Computer
အမှတ် ၂၅၁ (ပထမထပ်)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်
ဖုန်း - ၂၄၂၇၅၉

■

အတွင်းဖလင်
မူရိုက် အောင်ကောင်ဖလင်
အမှတ် ၁၃၅ ၄၈ လမ်း (အထက်)၊ ရန်ကုန်။

■

မျက်နှာဖုံးဒီဇိုင်း
ကျော်နိုင်

■

တန်ဖိုး
၁၂၀ - ကျပ်

http://www.cherrythitsar.org

# လင်းဝေမြိုင်

အမည်ရင်း ဦးမြင့်ဦး။ ကျောက်ပန်းတောင်း ဇာတိ။ ၁၉၄၃၊ ဩဂုတ် ၁၄ ရက်မွေး။ အဖေ (ဦးကြည်မောင်)၊ အမိ ဒေါ်နု။ မွေးချင်း ၈ - ယောက်တွင် အကြီးဆုံး ဖြစ်။

ရန်ကုန် ပညာရေးတက္ကသိုလ်မှ အင်္ဂလိပ်စာ အဓိကဖြင့် ၁၉၇၉ တွင် ဘွဲ့ရခဲ့။ အင်္ဂလိပ်စာဌာန နည်းပြဆရာအဖြစ် ၁၉၈၂ ခုနှစ်ထိ ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့။

၁၉၇၇ ခုနှစ် တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းမှ စ၍ စာစရေးခဲ့ပြီး ဘာသာပြန်ဝတ္ထုတို (၁၀၀) ကျော်၊ ကလောင်ခွဲများဖြင့် နိုင်ငံတကာစာပေ၊ ရုပ်ရှင်၊ ဂီတ၊ နိုင်ငံရေး၊ စီးပွားရေး ဆောင်းပါး (၆၀၀) ခန့် ရေးသားခဲ့။

၁၉၉၁ ခုနှစ်တွင် "ကုတ်အင်္ကျီ"၊ ၁၉၉၇ ခုနှစ်တွင် "အလွမ်းတစ်ခြင်းနှင့် ပန်းနှင်းဆီ" လုံးချင်း ဘာသာပြန် စာအုပ်များ ထုတ်ဝေခဲ့။

၁၉၈၀ မှ ၁၉၉၂ ထိ ရုပ်ရှင်တေးကဗျာ၊ ၁၉၉၂ ဇူလိုင်မှ ဒီဇင်ဘာအထိ စံပယ်ပြူး၊ ၁၉၉၃ မှ ၁၉၉၅ ထိ ရွှေရုပ်စုံမဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့။ ၁၉၉၆ ဇူလိုင်မှ ယနေ့ထိ ကြော်ငြာနှင့် ဈေးကွက်လမ်းညွှန် မဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ၊ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ရင်း စာဆက်လက်ရေးသားနေ။

ယခု "တော" သည် စာရေးသူ၏ တတိယမြောက် လုံးချင်းဘာသာပြန် စာအုပ်ဖြစ်။

http://www.cherrythitsar.org

## လင်းဝေမြိုင်၏ ထုတ်ဝေပြီး စာအုပ်များ

၁။ ကုတ်အင်္ကျီ (၁၉၉၁)
၂။ အလှမ်းတစ်ခြင်းနှင့် ပန်းနှင်းဆီ (၁၉၉၇၊ ဇွန်လ)
(လင်းဦးတာရာ စာပေ)
၃။ ဝေဟာ (၁၉၉၈၊ ဒီဇင်ဘာ)
(အရုဏ်ကောင်းကင် စာအုပ်တိုက်)

■

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၁။ ကုတ်အင်္ကျီ (၃ - ကြိမ်၊ ၁၉၉၉)
(အရုဏ်ကောင်းကင် စာအုပ်တိုက်)
၂။ အမေနဲ့တွေ့ချင်သတဲ့လားနှင့် နိုင်ငံတကာဝတ္ထုတိုများ (၁၉၉၉)
(အရုဏ်ကောင်းကင် စာအုပ်တိုက်)
၃။ စစ် (၁၉၉၉)
(အရုဏ်ကောင်းကင် စာအုပ်တိုက်)
၄။ ငယ်ငယ်တုန်းက ချစ်ရေစင်နှင့် အခြားဘာသာပြန်ဝတ္ထုတိုများ (၁၉၉၉)

■

http://www.cherrythitsar.org

အရုဏ်ကောင်းကောင်းစာအုပ် (၄)

# တော

လင်းဝေမြိုင်

**The Peasants**
**by**
**Anton Chekhov**

အရုဏ်ကောင်းကောင်း စာအုပ်တိုက်
အမှတ် ၅၂/၅၅ ဒေါ်သိန်းတင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်
ဖုန်း-၂၈၅၄၃၈

http://www.cherrythitsar.org



# မြန်မာပြန်သူ၏ အမှာ

## (၁)

ကမ္ဘာစာပေသမိုင်းတွင် အထင်အရှားဆုံးနှင့် အကျော်ကြားဆုံး ဝတ္ထုတိုဆရာလည်းဖြစ်၊ ပြဇာတ်ရေးဆရာလည်းဖြစ်သော ရုရှားစာရေးဆရာကြီး "အန်တွန်ပက် ဗလိုဗစ်ချက်ကော့ဗ်" (၁၈၆၀-၁၉၀၄)၏ ဝတ္ထုတိုများနှင့် ဝတ္ထုလတ်အချို့ကို စစ်ပြီးခေတ်လောက်မှစ၍ မြန်မာစာရေး ဆရာကြီးများက ဘာသာပြန်ဆိုခဲ့ကြသဖြင့် စာဖတ်ပရိတ်သတ်များကို ချက်ကော့ဗ်နှင့် မိတ်ဆက်ပေးစရာလိုမည် မထင်ပါ။

ချက်ကော့ဗ်၏ ဝ တ္ထုတိုအ ချို့ဆိုလျှင် တစ်ပုဒ်တည်းကိုပင် ဆရာလေး ငါးဦးက အကြိမ်ကြိမ် မြန်မာပြန်ဆိုခဲ့ကြပါသည်။ ဝတ္ထုလတ်အဖြစ် နာမည်ကြီးခဲ့သော ချက်ကော့ဗ်၏ Ward Six ကို ဆရာဖေမြင့်က "လူနာဆောင် အမှတ်ခြောက်"အမည်ဖြင့်လည်းကောင်း၊ Three Years ကို ဆရာဒဂုန်တာရာက "သုံးနှစ် သုံးမိုး၊ ပိုးထီး ဝှါ၊ အပြာပွင့်" အမည်ဖြင့်လည်းကောင်း၊ ဆရာ သရက် ဇော်ထွန်းက "သေဆုံးသွားသောရင်မောမှုများ" အမည်ဖြင့်လည်းကောင်း၊ ဆရာနတ်နွယ်က

http://www.cherrythitsar.org



"သုံးနှစ် သုံးမိုး" အမည်ဖြင့်လည်းကောင်း၊ **The Duel** ကို "စိန်ခေါ်ပွဲ"ဟူ၍လည်းကောင်း၊ **My Life** ကို ဆရာ နတ်နွယ်က "ဘဝဟူသည်"အမည်ဖြင့်လည်းကောင်း အသီးသီးမြန်မာပြန်ဆို ခဲ့ကြပါသည်။

"တော"ဟု အမည်ပေး၍ ယခု မြန်မာပြန်ဆို ထားသော ဝတ္ထုမှာ ချက်ကော့ဗ်၏ **The Peasants** ကိုပြန်ဆိုထားခြင်းဖြစ် ပါသည်။ ဤဝတ္ထုကို ချက်ကော့ဗ်သည် ၁၈၉၇ ခုနှစ် နွေဦးက ရေးသားခဲ့ပြီး ၁၈၉၇ ခုနှစ် ဧပြီလထုတ် "ရုရှားအတွေးအခေါ်" **(Russian Thought)** မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပါသည်။

ချက်ကော့ဗ်၏ ဝတ္ထုသည် စိတ်ဝင်စားစရာ ကောင်းလှ သော်လည်း လယ်သမားများဘဝကို ဖော်ကျူးရာတွင် အနိဋ္ဌာရုံ အမြင်များလွန်ကဲနေသည်ဟုဆိုကာရုရှားစာပေစိစစ်ရေးအဖွဲ့က တစ်မျက်နှာ အပြင်ခိုင်းခဲ့သည်။ထိုနှစ်ထဲမှာပင်"ဘဝဟူသည်" ဝတ္ထုနှင့်အတူ ဤဝတ္ထုကိုနှစ်ပုဒ်ပေါင်း၍ သီးခြားစာအုပ်အဖြစ် ထုတ်ဝေသောအခါ ချက်ကော့ဗ်သည် မူလစာသားများကိုပြုပြင် ပြီး ထုတ်ဝေခဲ့ပါသည်။ ဤဝတ္ထုကို ၁၉၀၀ ပြည့်နှစ်တွင် ပြင်သစ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေသောအခါ ပြင်သစ်ဘာသာ ပြန်သူကဆင်ဆာဖြတ်ထားသောစာသားများကို ချက်ကော့ဗ်ထံ တောင်းခံခဲ့သည်။မဂ္ဂဇင်းနှင့်စာအုပ်ထဲတွင် အခန်းတစ်ခန်းသာ ဖြုတ်ပေးခဲ့ရခြင်းဖြစ်ပြီးထိုအခန်းမှာလည်း ဘာသာရေးအာဏာ ပိုင်များနှင့် စပ်လျဉ်း၍လယ်သမားများပြောသည့်စကားများဖြစ် သည်။ ဤဝတ္ထုကို ပြင်သစ်စာပေသို့ ပြန်ဆိုရာတွင် ထိုအခန်းမှာ

http://www.cherrythitsar.org



မလိုအပ်၍ ပြင်သစ်ဘာသာ ပြန်ဆိုသူထံသို့ ချက်ကော့ဗ်သည် မပေးပို့ခဲ့တော့။ ချက်ကော့ဗ်သည် ဤဝတ္ထုကို အခန်း (၁၀)၊ အခန်း (၁၁) အထိ အကြမ်းရေးခဲ့သည်။ ထို အခန်းများတွင် ချက်ကော့ဗ်သည် မော်စကို၏ ရုပ်ပုံလွှာများကို အသေးစိတ် ချယ်မှုန်းခဲ့သည်။

ချက်ကော့ဗ်၏ ဤဝတ္ထုသည် သူရေးသည့် အခြား ဝတ္ထုများထက် ပို၍ စာဖတ်ပရိတ်သတ်များအတွင်းနှင့် စာပေ လောကတွင် ထိုစဉ်က အတော်ဂယက်ရိုက် အငြင်းပွားခဲ့ ရသောဝတ္ထု ဖြစ်ခဲ့သည်။ ရုရှား လယ်သမားများခေတ်နောက် ကျမှုများနှင့်ဆင်းရဲမွဲတေမှုများကိုမညှာမတာရေးဖွဲ့ထားသည် ဟုဆိုကာ ချက်ကော့ဗ်အား စာပေဝေဖန်ရေး ဆရာများက ဝေဖန် ထိုးနှက် တိုက်ခိုက်ခဲ့ကြသည်။

သို့သော်လည်း ရုရှား ပြဇာတ်ရေးဆရာနှင့် ပြဇာတ် သရုပ်ဆောင် ယူရှင်ဆမ်ဗာတော့ဗ်က ချက်ကော့ဗ်၏ ဤ ဝတ္ထုသည် နှစ်ပေါင်းများစွာအတွင်း ကမ္ဘာ့စာပေနှင့် ရုရှား စာပေတို့တွင် အကောင်းဆုံးဝတ္ထုအဖြစ်ချီးကျူးခဲ့သည်။အမှန် တရား၏ ကြေကွဲစရာကောင်းပုံကို ဖော်ပြရာတွင် မည်သူမျှ မတုနိုင်လောက်အောင်ဖြစ်ပြီး ရှိတ်စပီးယားနှင့်ပင် တစ်တန်း တစ်စားတည်း နှိုင်းယှဉ်ခဲ့သည်။ "ကျွန်တော် မငိုခဲ့ပါဘူး။ ဒါပေမယ့် နီကိုလိုင်က သူ့ကုတ်အင်္ကျီကလေးကို ထုတ်ဝေပြီး ပြန်ခေါက်ထည့်တဲ့အခန်းကိုဖတ်ရတော့တော်တော်နဲ့ရှေ့ဆက် မဖတ်နိုင်လောက်အောင် ဖြစ်ခဲ့ရတယ်" ဟု ချက်ကော့ဗ်ဆီသို့

http://www.cherrythitsar.org



စာရေးခဲ့သည်။ ရုရှားစာရေးဆရာကြီး လီယိုတော်လ်စတွိုင်းက ချက်ကော့ဗ်၏ ဤဝတ္ထုသည် လူသား၏ မကောင်းမှုစရိုက်များကို ရေးဖွဲ့ထားသည့် ဝတ္ထုဖြစ်သည်ဟု ရှုမြင်ခဲ့ကာ ရုရှားစာရေးဆရာကြီး မက္ကဇင် ဂေါ်ကီက ဘူနင်၏ "တော" (The Village) ဝတ္ထုနှင့် တစ်တန်းတည်းထား၍ ချီးကျူးခဲ့ပါသည်။

(၂)

ချက်ကော့ဗ်၏ The Peasants ဝတ္ထုကိုရုရှားဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်သည့်မူ မည်မျှရှိသည်ကို ကျွန်တော် မသိနိုင်ပါ။ သို့သော် ကျွန်တော့်တွင် မူကွဲသုံးခု ရှိနေခဲ့ပါသည်။ ထိုမူများမှာ ဘင်တမ်တိုက်ထုတ် ဘာဘာရာမက္ကာနိုဝစ္စကီး (Barbara Makanowitzky) ၏မူ၊ အောက်စဖို့ဒ်တိုက်ထုတ် ဂျက်စီကိုလ်ဆင် (Jessie Coulson) ၏မူနှင့် မက္ကမီလန်တတိုက်ထုတ်ဘာသာပြန်သူအမည်သိခွင့်မရခဲ့ရသည့် စာမျက်နှာ (၆၇၈) မျက်နှာရှိ "ချက်ကော့ဗ် စာပေါင်းစု" စာအုပ်မှ မူများဖြစ်ပါသည်။ ထိုမူ သုံးမူကို ညှိနှိုင်းပြီး ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ဤဝတ္ထုကို လွန်ခဲ့သည့်နှစ်အတန်ကြာကပင် ဖတ်ပြီး မြန်မာပြန်ရန် ရည်ရွယ်ခဲ့သော်လည်း မပြန်ဖြစ်ခဲ့ပါ။ ယခုမှ ကဗျာဆရာ(ကို)အောင်ဘညိုနှင့်ရန်ကုန်တက္ကသိုလ်ဒဿနိကဗေဒဌာနလက်ထောက်ကထိကဦးအောင်ဝင်း(ကိုနောင်)တို့၏

http://www.cherrythitsar.org



တိုက်တွန်းမှုကြောင့် မြန်မာပြန်ဆိုဖြစ်ခြင်း ဖြစ်ပါသည်။ ထို့အတွက် သူတို့နှစ်ယောက်လုံးကို ကျေးဇူးတင်ပါသည်။

လင်းဝေမြိုင်
၂၇၊ အောက်တိုဘာ၊ ၁၉၉၄

http://www.cherrythitsar.org



(၁)

မော်စကိုမြို့တော်ရှိ "ဆလာဗိုးနစ်ဘစား" ဟိုတယ်တွင် စားပွဲထိုးလုပ်နေသူနီကိုလိုင်ချီကီဒီယက်သည်နေထိုင်မကောင်းဖြစ်ခဲ့သည်။ ခြေထောက်နှစ်ဖက်စလုံး ထုံကျဉ်ကာ လမ်းပင်ကောင်းကောင်း မလျှောက်နိုင်တော့သည့်အခြေအနေသို့ရောက်သွားသည်။ တစ်နေ့ ဝက်ပေါင်ခြောက်နှင့် ပဲသီးထည့်ထားသော လင်ပန်းကိုကိုင်လျက်စကြ်ဘက်သို့လျှောက်၍အလာ လမ်းတွင်ခလုတ်တိုက်မိပြီး မှောက်လျက်လဲကျသွားသည်။ ထိုနေ့တွင် နီကိုလိုင် အလုပ်မှထွက်ခဲ့ရလေတော့သည်။

လင်မယားနှစ်ယောက်ပေါင်းစုဆောင်းလာခဲ့သောငွေကလေးမှာဆေးဝါးကုသလိုက်ရသဖြင့်တက်တက်စင်ကုန်၍သွားတော့သည် လက်ထဲတွင် တစ်ပြားတစ်ချပ်မျှ မကျန်တော့။ နီကိုလိုင်သည်

http://www.cherrythitsar.org



အလုပ်အကိုင်မရှိဘဲ နေထိုင်ရသည်ကို စိတ်ပျက် ငြီးငွေ့လာသည်။ တောကိုပြန်ရလျှင် ကောင်းမည်ဟု စဉ်းစားမိလာသည်။ နေထိုင်မကောင်းဖြစ်လာလျှင် ဘာပဲဖြစ်ဖြစ် တောမှာတော့ အဆင်ပြေမည်။ နေမှုထိုင်မှု စရိတ်မကြီး။ ပြီးတော့ရှေး လူကြီးသူမများ ပြောသည့် စကားတစ်ခွန်းလည်းရှိသည်မဟုတ်လား။ ကိုယ့်အိမ်ကိုယ့်ရာထက် ကောင်းသည့်နေရာသည် မရှိ ဆိုသည့်စကား။

နီကိုလိုင်သည် စိတ်နှလုံး ဒုန်းဒုန်းချလိုက်ပြီး ဇနီးနှင့် သမီးကိုလက်ဆွဲကာ ဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်လာခဲ့တော့သည်။ ညနေစောင်းလောက်တွင် သူ့ဇာတိရွာ ဇူကိုဗိုသို့ ရောက်လာခဲ့သည်။ တောကို ပြန်ရောက်ပြီဆိုသောအခါ နီကိုလိုင်သည် ငယ်စဉ် ကလေးဘဝက သိုက်သိုက်ဝန်းဝန်းဖြင့် ပေါ့ပါးလွတ်လပ်စွာ ရယ်မောပျော်ရွှင်ခဲ့ရသည့်အဖြစ်များကို ပြန်လည်သတိရနေမိတော့သည်။ သို့သော်လည်း တောကိုပြန်ရောက်၍ တဲအိမ်ထဲသို့ လှမ်းဝင်လိုက်သည်ဆိုလျှင်ပင် နီကိုလိုင် အံ့ဩ တုန်လှုပ်သွားမိတော့သည်။ အိမ်ထဲတွင် မှောင်နှင့် မည်းမည်းဖြစ်ကာ အားလုံးညစ်ပတ် ပေရေနေသည်ကို မြင်တွေ့လိုက်ရသောကြောင့်ပင်။

နီကိုလိုင်နှင့်အတူ လိုက်ပါလာခဲ့ကြသည့် ဇနီး အိုလဂါနှင့် သမီးဆာရှာတို့နှစ်ယောက်မှာ ကျပ်ခိုးများ၊ ယင်ကောင်များဖြင့် မဲနက် ညစ်ပတ် ပေရေနေသော ရောမမီးဖိုကြီးကို မျက်လုံးအဝိုင်းသားဖြင့် တအံ့တဩ ငေးမော ကြည့်ရှုနေမိကြလေသည်။ ယင်ကောင်တွေကလည်း တသောသောနှင့် ပေါလိုက်သည်ဖြစ်ခြင်း။

မီးဖိုကြီးမှာ စောင်းရွဲ့နေလျက်။ အိမ်နံရံတွေကလည်း မကြာခင် ပြိုလဲကျတော့မည်ဟန်။ ဘုရားစင်ပေါ်က ဆင်းတုတော်ပုံများ

http://www.cherrythitsar.org



အနီးတွင် ပုလင်းတံဆိပ်ခွံများနှင့် သတင်းစာဖြတ်ပိုင်းတွေ။ ဆင်းရဲမွဲတေမှုကို နေရာတကာတွင် ကြုံတွေ့နေရချေပြီကော။

အိမ်တွင် လူကြီးမှန်သမျှ တစ်ယောက်မျှ မရှိကြ။ လယ်ထဲသွားပြီး ကောက်ရိတ်နေကြခြင်းဖြစ်သည်။ ဆံပင်ရှည်ရှည် ညစ်ပေပေနှင့် အသက်ရှစ်နှစ်လောက်အရွယ်ရှိသည့် ကလေးမလေးတစ်ယောက် မီးဖိုကြီးပေါ်တွင် ထိုင်နေသည်။ ကလေးမလေးသည် အိမ်ထဲသို့ဝင်လာသည့် နီကိုလိုင်တို့ မိသားစုကို လှည့်၍ပင် မကြည့်။ ကြမ်းပြင်ပေါ်တွင် ကြောင်ဖြူဖြူကလေးတစ်ကောင်က အိုးဖုံးကို ဆွဲကုတ်ခြစ်၍နေသည်။

"ပူစီ ... ပူစီ" ဟု ဆာရာက ခေါ်လိုက်သည်။

"မကြားဘူး၊ နားကန်းနေတယ်" ဟု ကလေးမက ပြန်ပြောသည်။ "ဟုတ်လား ... ဘာပြုလို့လဲဟင်"

"အရိုက်ခံထားရလို့"

မြင်လိုက်ရရုံဖြင့် တောကလူများ၏ အခြေအနေကို နီကိုလိုင်နှင့် အိုလဂါတို့ သဘောပေါက်နားလည်သွားကြတော့သည်။ နီကိုလိုင်နှင့် အိုလဂါသည် ဘာစကားမျှ ပြောဆိုမနေကြတော့ဘဲ အထုပ်အပိုးများကို ချကြသည်။ အထုတ်အပိုးများ နေရာချထားပြီးသောအခါ လမ်းမဘက်သို့ ထွက်လာခဲ့ကြသည်။ သူတို့အိမ်ကား တတိယမြောက် အစွန်အိမ်။ အဆင်းရဲဆုံးနှင့် အဟောင်းအအိုဆုံးတဲအိမ်။ ဒုတိယမြောက်အိမ်က သူတို့အိမ်ထက်သာသည်။ ကျန်တစ်အိမ်ကမူ အားလုံးထဲတွင် အကောင်းဆုံးဖြစ်သည်။ သွပ်မိုးနှင့် ပြတင်းပေါက်ခန်းဆီးလိုက်ကာများနှင့်။ ဝင်းနံရံများ ကာရံ၍ မထား။ လမ်းဘက်သို့ မျက်နှာမူကာ တစ်အိမ်တည်းထီးထီး သပ်သပ်

http://www.cherrythitsar.org



ဆောက်ထားသည်။ ထိုအိမ်ကား အရက်ဆိုင်ဖွင့်ထားသော အိမ်ပင် ဖြစ်တော့သည်။

အိမ်များကို တစ်တန်းထဲတွင် အစီအရီ ဆောက်လုပ်ထားကြသည်။ မိုးမခပင်များ၊ အယ်လဒါပင်များနှင့် ဘယ်ရီပင်များ အုပ်ဆိုင်းဝေနေသော အေးချမ်းတိတ်ဆိတ်လှသည့် အိပ်မောကျသည့် တောရွာကလေး။ ထိုတောရွာကလေးမှာ သာမောဖွယ် ကောင်း၍ နေတော့သည်။

အိမ်တန်းများ၏ အစွန်တွင် မြစ်ဆီသို့ ဦးတည်သွားသည့် မတ်စောက်စောက် ဆင်ခြေလျှောအဆင်းကလေး။ ရွှံ့ကမ်းပါးအထက် ဟိုနေရာ သည်နေရာတစ်လျှောက်တွင် ကြီးမားသည့် ကျောက်တုံး ကျောက်ခဲကြီးများနှင့် အိုးဖုတ်သမားများ တူးထားသော တွင်းကြီးများအနီးရှိ တောင်ဆင်ခြေလျောပေါ်တွင် လူသွားလမ်းကလေးများသည် ကွေ့ကွေ့ကောက်ကောက် ရှိနေကြသည်။ နေရာအနှံ့တွင် အိုးခွက်အကျိုးအပဲ့များ စုပုံနေကြသည်။ အချို့သည် အညို၊ အချို့သည်အနီ။ အောက်ဘက်တွင် စိမ်းမြသော မြက်ခင်းပြင်။ မြက်များကို ရိတ်ထားသဖြင့် မြက်ခင်းပြင်ပေါ်တွင် ကျွဲနွားများ လှည့်လည်စားသောက်နေကြသည်။ ချုံနွယ်တို့ဖြင့် ပိတ်ပိတ်ပိန်းနေသည့် မြစ်ကမ်းပါးနှစ်ဖက်အကြားတွင် ရစ်ခွေစီးဆင်းနေသောမြစ်သည် ရွှာနှင့်ခြောက်ဖာလုံအကွာသာ ဝေးတော့သည်။ မြစ်၏ တစ်ဖက်တွင်လည်း စိမ်းလန်းသော မြက်ခင်းပြင်ကျယ်ကြီးတစ်ခု။ မြက်ခင်းပြင်ကြီးပေါ်တွင် ကျွဲနွားများနှင့် ဘဲငန်းတစ်အုပ် ကျက်စားနေကြသည်။ မြက်ခင်းပြင်ကြီး အလွန်တွင် မတ်စောက်သော တောင်ဆင်ခြေလျှောတစ်ခုကို

http://www.cherrythitsar.org



တွေ့ရပြီး တောင်ပေါ်တင် ခုံးမိုးငါးခုနှင့် ဘုရားကျောင်း။မလှမ်းမကမ်းတွင် မြေပိုင်ရှင်ကြီးတစ်ယောက်၏အိမ်နှင့် ရွာကြီးတစ်ရွာ။

"လှလိုက်တာနော်" ဟု ဘုရားရှိခိုးကျောင်းကို လှမ်းကြည့်ပြီး ပြောလိုက်ရင်း အိုလဂါက လက်စုံယှက်၍ ရှိခိုးလိုက်သည်။

ထိုအချိန်မှာပင် ဘုရားကျောင်းဆီမှ ညနေဝတ်ပြုပွဲအတွက် ခေါင်းလောင်းထိုးသံ ကြားရသည်။ မနက်ဖြန်သည် တနင်္ဂနွေနေ့။ တောင်အောက်ဘက်မှ ရေခပ်လာသူ ကလေးမနှစ်ယောက်သည် ဘုရားကျောင်းမှ ခေါင်းလောင်းထိုးသံကို လှည့်၍နားထောင်ကြသည်။

"သြော် ... အခုအချိန်ဆိုရင် ဆလာဗိုးနစ်ဘဇားဟိုတယ်မှာ ညစာ စားကြရော့မယ်" ... ဟု နီကိုလိုင်က ရော်ရမ်း မှန်းဆရင်း ပြောလိုက်မိသည်။

တောင်ဆင်ခြေလျော၏ အစွန်တွင် ထိုင်ရင်း နီကိုလိုင်နှင့် အိုလဂါတို့သည် နေဝင်သွားသည်ကို ငေးကြည့်နေမိကြသည်။ ရွှေရောင်၊ ခရမ်းရောင် ဖိတ်ဖိတ်လက်စင်နေသော မိုးကောင်းကင်သည် မြစ်ပြင်နှင့် ဘုရားကျောင်းပြတင်းပေါက်များထက်တွင် အရိပ်ထင်နေသည်။ မော်စကိုတွင် မည်သို့မျှ မကြုံတွေ့နိုင်သည့် ညှံ့သက်ပျောင်းနေသည့် သန့်ရှင်းလတ်ဆတ်သောလေကို တဝရှူလိုက်မိသည်။ နေလုံးကွယ်ပျောက်သွားသောအခါ ကျွဲနွားတိရစ္ဆာန်အုပ်ကြီးသည် မြက်ခင်းပြင်ပေါ်တွင် အော်သံများပေးပြီး ထွက်ခွာသွားကြသည်။ တောငန်းတစ်အုပ်က ဟိုအဝေး မြစ်ကမ်းဘက်ဆီမှ ပျံသန်းလာကြသည်။ အားလုံးတိတ်ဆိတ်ငြိမ်သက်သွားတော့သည်။ ဖျော့တော့တော့အလင်းရောင်ကလေးသည် တဖြည်းဖြည်း မှိန်ပျောက်သွားကာ ညနေခင်း၏ အရိပ်အရောင်များ ရုတ်ချည်းယှက်သန်းလာသည်။

http://www.cherrythitsar.org



လူကြီးများ ပြန်ရောက်လာကြသည်။ နီကိုလိုင် အဖေနှင့် အမေမှာ အရပ်အမောင်း အတူတူ။ ခါးကိုင်းကိုင်း။ နှစ်ယောက်လုံး သွားပောင်းလောင်း။ အသားအရေက ပိန်ကြုံလှီဖျော့ဖျော့။ နီကိုလိုင်၏ မရီးနှစ်ယောက်ဖြစ်ကြသည့် မာရီယာနှင့် ဖက်ခလာတို့လည်း ရှေ့ဆင့် နောက်ဆင့် ရောက်လာကြသည်။ အစ်ကို ကီရီယာခ်၏ ဇနီးမာရီယာသည် ကလေးခြောက်ယောက်အမေ ဖြစ်သည်။ အစ်ကို ဒင်းနိစ်၏ဇနီး ဖက်ခလာက ကလေးနှစ်ယောက်အမေ။ ဒင်းနိစ်သည် စစ်တပ်ထဲသို့ ရောက်နေသည်။

နီကိုလိုင်သည် တဲအိမ်ထဲသို့ ဝင်လာခဲ့သည်။ မီးဖိုကြီး၏ အထက်ရှိ အိပ်စင်များ၊ ပုခက်များနှင့် တဲထောင့်နေရာမှန်သမျှတွင် ကလေးလူကြီး မိသားစုအားလုံးကို ပြွတ်သိပ် စုပြုံနေထိုင်နေကြသည် ကိုမြင်တွေ့လိုက်ရလေသည်။ အဖေနှင့်အမေသည် ပေါင်မုန့်ညိုညို မည်းမည်းများကို ရေတွင်နှစ်ကာအငမ်းမရစားနေကြသည်။ငွေတစ်ပြားတစ်ချပ်မှ မပါလာဘဲ လူမမာဘဝဖြင့် တောကို ပြန်လာမိခြင်းသည် မှားပြီဟု သူနောင်တရသွားမိတော့သည်။ ပို၍ဆိုးသည်မှာ မိသားစုကို ခေါ်လာခဲ့ခြင်းပင် ဖြစ်တော့သည်။

"အစ်ကိုကြီး ကီရီယာ့ခ်တစ်ယောက်ရော ဘယ်မှာလဲ" ဟု နှုတ်ဆက်စကားပြောအပြီးတွင် နီကိုလိုင်က မေးလိုက်သည်။

"ကုန်သည်တစ်ယောက်ဆီမှာ အစောင့်လုပ်နေလေရဲ့။ နေတော့ တောထဲမှာ။ လူကတော့ မဆိုးလှပါဘူး။ ဒါပေမယ့် သောက်သလားမမေးနဲ့၊ အလွန်အကျွံပဲ" ဟု အဘိုးကြီးက ပြောသည်။

"သူကလည်း ရှာဖွေလုပ်ကိုင်ကျွေးတာ မဟုတ်ပါဘူး။ သားယောကျ်ားတွေကတော့ အလကားပဲ။ ဘာမှအသုံးမကျပါဘူး။ အိမ်

http://www.cherrythitsar.org



ကို ဘာတစ်ခုမှ ယူလာတတ်ကြတာ မဟုတ်ဘူး။ အိမ်ကရှိတာကိုပဲ အပြင်ကို သယ်သွားတတ်ကြတဲ့ လူချည်းပဲ။ ကီရီယာခ်ကလည်း သောက်၊ အဘိုးကြီးကလည်း ကြီးတောင့်ကြီးမှ အရက်ဆိုင်ကိုပဲ လမ်းပေါက်နဲ့။ တို့တစ်တွေကတော့ ကျိန်စာမိသလိုပါပဲ။ ငရဲပေါ့"

နီကိုလိုင်၏အမေက မျက်ရည်တစမ်းစမ်း ပြောပြသည်။ နီကိုလိုင်တို့ ရောက်လာသဖြင့် ကြေးနီ လက်ဖက်ရည်ကရားကြီးကို ထုတ်လိုက်သည်။ ရေနွေးကြမ်းက ငါးနံ့တသင်းသင်း။ သကြားအရောင်က ပြာနမ်းနမ်း။ ပျားပိတုန်းများကို ပေါင်မုန့်နှင့် ပန်းကန်ခွက်ယောက်များပေါ်တွင် ပြေးလွှားနေကြသည်။ လက်ဖက်ရည်ကြမ်းက နလုံးနာစရာ။ ပြောသည့်စကားများမှာလည်း ကြားရမသက်သာ ဆင်းရဲမွဲတေသည့် အကြောင်းများနှင့် ရောဂါဘယထူပြောသည့် အကြောင်းများ။ လက်ဖက်ရည်တစ်ခွက်လောက်သာ သောက်လိုက်ရသေးသည်။ ဝင်းတံခါးဆီမှ " မာ ... ရီ ... " ဆိုသည့် အရက်မူးမူးဖြင့် အောင်ခေါ်သည့် ကျယ်ကျယ်လောင်လောင် ဆွဲငင်သံကြီးကို ကြားလိုက်ရသည်။

"ဟော ... ကီရီယာ့ခ်ပြန်လာပြီထင်တယ်။ မကောင်းဆိုးဝါးကောင်၊ ပြောလို့မှ စကားမဆုံးသေးဘူး ..." ဟု အဘိုးကြီးက ပြောသည်။ အားလုံးတိတ်တိတ်ငြိမ်သက်သွားကြသည်။ ခဏကြာသောအခါ ကီရီယာ့ခ်၏ အသံဆိုးကြီးကို ကြားရပြန်သည်။ "မာ...ရီ... ယာ" ဆိုသည့် အော်ခေါ်သံဆိုးကြီးသည် မြေကြီးအောက်မှ ထွက်ပေါ်လာသလား ထင်မှတ်ရလေသည်။

"မာ...ရီ...ယာ"

ချွေးမအကြီးဆုံးဖြစ်သည့် မာရီယာသည် မျက်နှာတွင် သွေးမရှိ

http://www.cherrythitsar.org



တော့သည့်အလား ဖြူဆွတ်သွားကာ သူ့ကိုယ်ကို မီးဖိုကြီးနားကပ်၍ ဝပ်နေတော့သည်။ ပခုံးကျယ်ကျယ်နှင့် အားကောင်းသန်မာလှသော အမျိုးသမီးတစ်ယောက်၏ မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်သည့်အသွင်များကို တွေ့ရသည်မှာ အံ့သြစရာပင် ကောင်း၍နေတော့သည်။ မီးဖိုကြီးပေါ်တင် ထိုင်နေသည့် ကလေးမလေးသည် မထူးဆန်းသလို ရှိနေရာမှ ရုတ်တရက်အော်ဟစ်၍ ငိုလိုက်လေသည်။

"ဘာလို့ငိုတာလဲ ကလေးရဲ့။ မကြောက်နဲ့၊ နင့်အမေကို မသတ်ပါဘူး" ဟု ရုပ်ချောပြီး ပခုံးကျယ်ကျယ်နှင့် သန်မာလှသည့် ဖက်ခလာက ဝင်ပြောသည်။

မာရီယာသည် သူ့ယောက်ျားကီရီယာ့ခ်နှင့် တောထဲသို့ လိုက်မနေရဲဟု အဘိုးကြီးက နီကိုလိုင်ကို ပြောပြသည်။ ကီရီယာ့ခ်သည် မူးလာလျှင် မာရီယာ့ဆီလာပြီး ဖူးရောင် ပေါက်ပြဲသည်အထိ မညှာမတာ ရိုက်နှက်လေ့ရှိသည်ဟု ဆိုသည်။

"မာ ... ရီ ... ယာ"

အသံက တံခါးဝအနီးမှ ထွက်လာသည်။

"ဘုရားသခင် ကယ်တော်မူပါ။ ကျွန်မကို ကယ်ကြပါဦး"

မာရီယာသည် အလွန်အေးစက်သည့် ရေခဲရေထဲ ရောက်သွားသည့်အလား အသက်ကိုအနိုင်နိုင်ရှူရင်းအကူအညီတောင်းလေသည်။

တဲအတွင်းရှိ ကလေးအားလုံး အော်ဟစ်ငိုယိုကြတော့သည်။ ကလေးအားလုံး ငိုနေသည်ကို မြင်ရသောအခါ နီကိုလိုင်၏သမီးဆာရှာသည်လည်း ငိုတော့သည်။အပြင်ဘက်မှချောင်းဆိုးသံတစ်ချက်ကြားလိုက်ရပြီး တဲထဲသို့ အရပ်မြင့်မြင့် မုတ်ဆိတ်မွေးဖားဖားနှင့် သိုးမွေးဦးထုပ်ဆောင်းထားသည့် လူတစ်ယောက် ဝင်လာသည်။ မီး

http://www.cherrythitsar.org



အိမ်၏အလင်းရောင်က မှိန်နေသဖြင့် မျက်နှာကို သဲသဲကွဲကွဲမမြင်ရ။ လူပုံက ကြောက်စရာ။ သူကား ကီရီယာ့ခ်ပင် ဖြစ်တော့သည်။ ကီရီယာ့ခ်သည် သူ့ဇနီး မာရီယာ့ဆီသို့ လျှောက်သွားကာ မျက်နှာကို လက်သီးဖြင့် ထိုးတော့သည်။ မာရီယာသည် စကားတစ်ခွန်းတစ်ပါဒ မျှမဆိုနိုင်။ ရုတ်တရက် အထိုးခံလိုက်ရသဖြင့် ဖင်ထိုင်လဲကျသွားသည်။ နှာခေါင်းမှ သွေးများဖြာထွက်ကျလာသည်။

"ရှက်စရာ ရှက်စရာကောင်းလိုက်တာ ... ဧည့်သည်တွေရှေ့မှာ၊ မိုက်ရိုင်းလှချည်လား၊ အကုသိုလ်ကောင်ရဲ့" ဟု အဘိုးကြီးက မီးဖိုပေါ်သို့တက်ရင်း ဒေါသဖြင့် အော်ပြောသည်။

အဘွားကြီးက ကိုယ်ကိုကျုံ့ကျုံ့ဝပ် ထိုင်နေသည်။ ခေါင်းထဲတွင် အတွေးတွေ ပွေလီ၍နေသော်လည်း ဘာစကားမျှမပြော။ ဖက်ခလာက ပုခက်ကို အတွင်းလွှဲနေသည်။ သူ့ကို ကြောက်မှန်းသိသဖြင့် ကီရီယာ့ခ်သည် မာရီယာ၏လက်ကို ဖမ်းကိုင်ကာ တံခါးဆီသို့ အတင်းဒရွတ်တိုက် ဆွဲခေါ်သွားတော့သည်။ကြောက်သည်ထက်ပိုကြောက်အောင် ပါးစပ်ကလည်း သားရဲတိရစ္ဆာန်တစ်ကောင်အလား ဗူးဗူးဝါးဝါးအော်ဟစ်နေသည်။ ခဏကြာမှ ဧည့်သည်အဖြစ် ရောက်နေကြသော ညီဖြစ်သူနှင့် မိသားစုကို သူတွေ့သွားသဖြင့် မာရီယာ၏ လက်ကို ဖြည်လွှတ်လိုက်လေသည်။

"ဟော့ ... မင်းတို့ရောက်နေကြသကိုး၊ ငါ့ညီနဲ့ မိသားစုရောက်နေကြသကိုး ..." ဟု ကီရီယာ့ခ်က ဆိုလိုက်လေသည်။ ကီရီယာ့ခ်သည် သူ၏ပြူးကျယ်နီရဲနေသော မျက်လုံးအစုံကို ဖွင့်ကာ ဘုရားရှေ့တွင်ရပ်ပြီး ကျမ်းစာများကို တတွတ်တွတ် ရွတ်ဆိုနေလေသည် ပြီးမှ...

http://www.cherrythitsar.org



"ငါ့ညီနဲ့ မိသားစု မော်စကိုမြို့တော်ကြီးကနေ အိမ်ကိုပြန်လာကြပြီ။ မော်စကို ... မော်စကိုမြို့ကြီးကနေ ပြန်လာပြီ၊ ကျုပ်ကို ခွင့်လွှတ်ကြပါ" ဟု ဆိုလေသည်။

ကီရီယာ့ခ်သည် ရေနွေးကြမ်းအိုးကို တရှုတ်ရှုတ်ယူသောက်နေသည်။ ကျန်သည့် လူအားလုံး စကားမပြောဘဲ တိတ်ဆိတ်နေကြသည်။ ကီရီယာ့ခ်သည် ရေနွေးဆယ်ခွက်လောက် ဆက်တိုက်သောက်ပြီး ခုံရှည်ပေါ်သို့ လဲကျသွားသည်။ ထို့နောက် တခေါခေါ အိပ်ပျော်သွားတော့သည်။

အားလုံး အိပ်ရာဝင်ခဲ့ကြသည်။ နီကိုလိုင်က လူမမာဖြစ်၍ အဘိုးကြီးနှင့်အတူ မီးဖိုကြီးပေါ်တွင် အိပ်သည်။ ဆာရှာကလေးက ကြမ်းပြင်ပေါ်တွင် အိပ်ကာ အိုလဂါတွင် မာရီယာ၊ ဖက်ခလာတို့နှင့် အတူ စင်ပေါ်တွင် တက်အိပ်သည်။

အိုလဂါသည် မာရီယာ့ခ်ဘေးတွင် ဝင်အိပ်ရင်း ...

"ငိုမနေပါနဲ့ မာရီယာရယ်။ မျက်ရည်ကျတယ်ဆိုတာ ကောင်းတာမှ မဟုတ်တာ။ ကြိတ်မှိတ်သည်းခံ၊ ကျမ်းစာမှာလည်း ဆိုထားတယ်မဟုတ်လား။ သင်၏ပါးတစ်ဖက်ကို သူတစ်ပါးပုတ်လျှင် ပါးတစ်ဖက်ကို  လှည့်၍ ပေးဦးလော့တဲ့။ အခုလည်း အဲသလိုပေါ့ မာရီယာရယ်" ဟု အိုလဂါက မာရီယာ့ကို ဖျောင်းဖျစကား ဆိုလေသည်။

အိုလဂါသည် မော်စကိုမြို့တော်ကြီးအကြောင်း၊ မော်စကိုတွင် သူမ နေထိုင်ခဲ့ရပုံများနှင့် မော်စကိုဟိုတယ်များတွင် အလုပ်သမအဖြစ် လုပ်ကိုင်ခဲ့ပုံများကို မာရီယာ့အား စီကာပတ်ကုံး ပြောပြနေလေသည်။

http://www.cherrythitsar.org



"မော်စကိုမှာ အိမ်ကြီးအိမ်ကောင်းတွေ အများကြီးရှိတာပေါ့။ ကျောက်တွေနဲ့ ဆောက်ထားတာ။ ဘုရားရှိခိုးကျောင်းတွေကလည်း နည်းတာမဟုတ်ဘူး။ တစ်ရာ့ခြောက်ဆယ်လောက်ရှိတာ။ အဲဒီအိမ်တွေမှာနေတဲ့ လူတွေကလည်း လူကြီးလူကောင်းတွေ။ရုပ်ရည်ချောမောပြီး သိပ်ယဉ်ကျေးကြတာ" ဟု ပြောပြနေသည်။

မာရီယာက မော်စကိုမြို့တော်ကြီးကို မရောက်ဖူး။ သူတို့ယခုနေထိုင်သည့်မြို့ကိုပင် မရောက်ဖူး။ ပြီးတော့ စာလည်းမတတ်သဖြင့် ဘုရားရှိခိုးကျမ်းစာပင် မဆိုတတ်။ "ဘုရားသခင်" ဟူသောဆုတောင်းစကားကိုပင် မဆိုတတ်ကြောင်း အိုလဂေ့ါအား ပြောပြလေသည်။ မာရီယာနှင့် လင်ညီအစ်မ ဖက်ခလာတို့သည် အိုလဂါနှင့်မလှမ်းမကမ်းတွင်ထိုင်ရင်း အိုလဂါပြောသမျှကိုအငေးသားနားထောင်နေကြသည်။ သို့သော် ... ဘာမျှနားမလည်ကြ။မာရီယာနှင့်ဖက်ခလာနှစ်ယောက်လုံးပင် ခင်ပွန်းသည်များကို မချစ်ခင်ကြ။ မာရီယာသည် လင်ကို အတော်ကြောက်ရသည်။ လင့်အနီးတွင် နီးနီးကပ်ကပ်နေရတိုင်း ဖော်ဒကာအရက်နံ့နှင့်ဆေးရွက်ကြီးအနံ့ စူးစူးဝါးဝါးကြောင့်ခေါင်းတစစ်စစ်ကိုက်ရသည်အထိ ခံစားရလေ့ရှိသည်။ ဖက်ခလာ၏ခင်ပွန်းမှာ တပ်ထဲရောက်နေသဖြင့် လင်မရှိဘဲ နေသည်ကို မပျင်းဘူးလားဟု မေးသောအခါ "ဝေးပါသေးရဲ့၊ ဒီလို လူစားမျိုးကို" ဟု ဒေါသသံနှင့် ပြန်ဖြေလေသည်။

အိုလဂါ၊ မာရီယာနှင့် ဖက်ခလာတို့သည် ခဏကြာ စကားစမြည်ပြောပြီးနောက် ငြိမ်သက်တိတ်ဆိတ်သွားကြသည်။

ညသည် အေးစက်လာသည်။ တဲအနီးမှ ကြက်တွန်သံ စူးစူးဝါးဝါးကြောင့် အိပ်မပျော်နိုင်ဖြစ်ကြရသည်။ မနက်ခင်း၏ ပြာလဲ့လဲ့

http://www.cherrythitsar.org



အလင်းရောင်က အိမ်နံ့ရံကို ထိုးဖောက်၍ ဝင်ရောက်လာသောအခါ ဖက်ခလာသည် အိပ်ရာမှ အသာထကာ အပြင်သို့ တိတ်တဆိတ် ထွက်ခွာသွားသည်။ ဖိနပ်မပါဘဲ ပြေးထွက်သွားသော ခြေသံသဲ့သဲ့ကို အိမ်ထဲမှ ကြားလိုက်ရသည်။

* * *

http://www.cherrythitsar.org



(၂)

အိုလဂါသည် မာရီယာ့ကို ဘုရားကျောင်းသို့ အဖော်ခေါ်သွားလေသည်။ မြက်ခင်းပြင်ဆီသို့သွားသော လမ်းကျဉ်းကလေးအတိုင်း လျှောက်လာရင်း နှစ်ယောက်လုံး စိတ်ထဲပျော်လာသလို ဖြစ်လာသည်။ အိုလဂါသည် ကျယ်ပြောသည့် တောမြင်ကွင်းကြီးကိုကြည့်ပြီး သဘောကျနေမိတော့သည်။ မာရီယာသည် အိုလဂါနှင့် နီးကပ်လာသလို ခံစားမိကာ အိုလဂါကို ချစ်ခင်သလို ဖြစ်လာလေသည်။ နေက တဖြည်းဖြည်းမြင့်တက်လာသည်။

အိပ်ချင်မူးတူးဖြစ်နေသည့် သိန်းငှက်တစ်ကောင်က မြက်ခင်းပြင်ပေါ်တွင် လေဟုန်စီး၍ ပျံဝဲနေသည်။ မြစ်ပြင်မှာ မှောင်မည်းနေသည်။ နှင်းများ ဟိုနေရာ သည်နေရာ မျှော်ကြည့်လေရာတိုင်းတွင် တဖွဲဖွဲကျဆင်းနေကြသည်။ နေရောင်ခြည်တန်းကြီးက တောင်ကုန်း

http://www.cherrythitsar.org



ပေါ်တွင် ဖြာကျဆင်းနေသည်။ ဘုရားကျောင်းမှာ ရွှေခြည်ငွေခြည် တန်းကာ ပြိုးပြိုးပြက်ပြက် အရောင်တောက်နေသည်။ မြေရှင်ကြီး၏ အိမ်ဥယျာဉ်ထဲမှ ကျီးအာသံစူးစူးဝါးဝါးကို ကြားရသည်။

"အဘိုးကြီးကတော့ ကောင်းရှာပါတယ်။ အဘွားကြီးက စည်းကမ်းတင်းကျပ်လွန်း အားကြီးတယ်။ အမြဲတမ်း ပွည့်ပွည့်နဲ့ ဂျီကျနေတော့တာပဲ။ ကျွန်မတို့မှာရှိနေတဲ့ သီးနှံလေးကလည်း သိပ်ခံမှာ မဟုတ်တော့ဘူး။ အာပတ်ဖြေပွဲရက်လောက်အထိပဲ ခံတော့မယ်။ ဂျုံဝယ်စားရတော့မယ်။ အဘွားကြီးက ဒေါသူပုန်ထနေပြီ။ နင်တို့ သိပ်အစားပုပ်တာပဲလို့ ပြောနေတော့တယ်" ဟု မာရီယာက ဆိုလေသည်။

"အောင့်အည်းသည်းခံပါ မာရီယာရယ်"

အိုလဂါက ချွေးသိပ်စကားဆိုလိုက်သည်။ ပြီးတော့ ဘုရားဖူးလာသူတစ်ယောက်ပမာ ခပ်သုတ်သုတ် ဆက်လျှောက်သွားသည်။ အိုလဂါသည် ဘုရားစာများကို နေ့တိုင်းပင် ရွတ်ဖတ်သည်။ဘုန်းတော်ကြီးတစ်ယောက် ရွတ်ဆိုနေသည့်နှယ် အသံကျယ်ဖြင့်အော်ရွတ်သည်။ သို့သော်လည်း သူရွတ်ဖတ်သည့် စာသားတိုင်းကို သူနားမလည်။

သူရွတ်ဆိုနေသော တရားစာများက သူ့ရင်ကို ထိုးခိုက်နာကျင်စေကာ မျက်ရည်ဖြိုင်ဖြိုင် ကျစေခဲ့သည်။ တရားစာသားများက သူ့နှလုံးသားကို တုန်ခါစေခဲ့သည်။ ဘုရားသခင်ကို သူယုံကြည်သည်။ မယ်တော်မာရီကို ယုံကြည်သည်။ သူတော်စင်များကို ယုံကြည်သည်။ လူတစ်ယောက်သည် ဤကမ္ဘာလောကကြီးအတွင်းမှ အခြားလူတစ်ယောက်ကို ဘေးဒုက္ခရောက်အောင် မလုပ်ရ။ အခြားလူသာမန်၊ ဂျာမန်လူမျိုး၊ ဂျစ်ပဆီ၊ ဂျူးလူမျိုး မည်သူ့ကိုမျှ ဘေးဒုက္ခရောက်

http://www.cherrythitsar.org



အောင် မလုပ်ရ။ တိရစ္ဆာန်များကို မကြင်နာသူသည် သေးဒုက္ခရောက် တတ်သည်ဟု အိုလဂါယုံကြည်သည်။ ဘုရားစာများကို ရွတ်ဆိုနေ သည့် အချိန်များတွင် အိုလဂါ၏မျက်နှာသည် သိမ်မွေ့နူးညံ့ကာ ဝင်းပကြည်လင်နေသည်။ စိတ်လှုပ်ရှားခံစားမှုများလည်း ပြည့်လျှမ်း၍ နေသည်။

"အိုလဂါ့ဇာတိက ဘယ်ကလဲဟင်" ဟု မာရီယာက မေး သည်။

"ဗလာဒီမာ ကပါ။ မော်စကို ကိုငယ်ငယ်ကလေးထဲကရောက် တာ။ မော်စကို ကိုရောက်တော့ အသက်ရှစ်နှစ်သမီး အရွယ်တောင် မရှိသေးဘူး" ဟု အိုလဂါက ဖြေသည်။

မြစ်နားအနီးသို့ သူတို့ရောက်လာကြသည်။ မြစ်တစ်ဖက်ကမ်း ရေစပ်အနီးတွင် အမျိုးသမီးတစ်ယောက် ရပ်ပြီး အဝတ်အစားများ ချွတ်နေသည်။

"အဲဒါ ဖက်ခလာလေ။ သူဟိုဘက်ကမ်းက မြေရှင်ကြီးအိမ် ကိုသွားအလုပ်လုပ်နေတာ။ သူက ရဲတင်းတယ်။ အရှက်အကြောက် မရှိဘူး။ စကားပြောလည်း သိပ်ကြမ်းတာပဲ။ ကြောက်စရာကောင်း တယ်" ဟု မာရီယာက ပြောသည်။

အသားညိုညိုညက်ညက်နှင့် ဆံပင်များ ဖွာလန်ကျဲနေသော ဖက်ခလာသည် အရွယ်ကောင်းမိန်းကလေးတစ်ယောက်နှယ် ဖျံရွယ် သန်စွမ်းဆဲဖြစ်သည်။ မြစ်ကမ်းပါးမှ ခုန်ဆင်းကာ ရေကို လှိုင်းကြက် ခွပ်များဖြစ်အောင် ခြေနှင့်ယက်နေသည်။

"အဲဒါကြည့်၊ မရှက်တတ်တာ။ ကြောက်စရာကောင်းလိုက် တာ" ဟု မာရီယာက ပြောပြန်သည်။

http://www.cherrythitsar.org



မြစ်ပေါ်တွင် သစ်သားတံတားကလေးတစ်ခု မခိုင်တခိုင် ကန့်လန့်ဖြတ်ထိုးထားသည်။ တံတားအောက်တွင် ကြည်လင်အေးမြသောရေကို ထုတ်ချင်းပေါက်မြင်နေရသည်။ စိမ်းလန်းသော ချုံပုတ်များပေါ်တွင် ပြိုးပြိုးပြက်ပြက် ပြောင်လက်နေသော နှင်းစက်တွေ။ ချုံပုတ်များက ရေပြင်ထဲတွင် အရိပ်ထင်ဟပ်နေသည်။ လေက နွေးပူလာသည်။ သာယာလှပသည့် နံနက်ခင်းပါပဲ။ လွှဲရှောင်မရ၊ ကုစား၍မရသည့် ဆင်းရဲမွဲတေခြင်းများသာ မရှိခဲ့လျှင် ဤလောက ကမ္ဘာမြေပြင်ပေါ်မှ ဘဝများသည် အဘယ်မျှကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလိုက်လေမည်နည်း။ ရှာဘက်ကို ပြန်လှည့်ကြည့်ပြီး မနေ့က အဖြစ်အပျက်များကို ပြန်တွေးလိုက်လျှင် ပျော်ရွှင်မှုများသည် တဒင်္ဂ အတွင်းမှာပင် ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားတော့သည်။

ဘုရားကျောင်းထဲသို့ သူတို့ဝင်လာခဲ့ကြသည်။ မာရီယာက တံခါးဝအနီးတွင် ရပ်နေသည်။ ရှေ့ဆက်ပြီး မတိုးရဲ၊ ထိုင်လည်း မထိုင်ဝံ့။ နံနက် ၉ နာရီထိုးမှပင် ဝတ်ပြုပွဲအတွက် အခမ်းအနားခေါင်းလောင်းထိုးသည်။ မာရီယာသည် တစ်ချိန်လုံးပင် မတ်တပ်ရပ်၍ နေတော့သည်။

ဘုရားစာများရွတ်ဆိုနေစဉ်တွင် မြေရှင်သူဌေးမိသားစုရောက်လာ၍ လူစုကြီးက လမ်းဖယ်ပေးကြသည်။ ဆွတ်ဆွတ်ဖြူအင်္ကျီများကို ဝတ်ပြီး ဦးထုပ်ကျယ်ကြီးများ ဆောင်းထားသည့် မိန်းကလေးနှစ်ယောက်နှင့် သဘော်သားဝတ်စုံ ဝတ်ထားပြီး မျက်နှာ နှင်းဆီရောင်သန်းနေသည့် ဝဝကောင်လေးတစ်ယောက်ဝင်လာသည်။ သူတို့သည် ရည်မွန်ပြီး ပညာတတ်သူများ၊ ရုပ်ရည်ချောမော ပြေပြစ်ကြသူများဟု မြင်ရုံဖြင့်ပင် အိုလဂါ ကောက်ချက်ချမိသည်။ မာရီယာကမူ သူ

တို့ကို မှုန်ကုပ်ပြီးကြည့်သည်။ ဝင်လာသူများကို လူတွေဟု မထင်။ မကောင်းဆိုးဝါးကောင်များအဖြစ် မြင်နေသည်။ ပြေးပေါက်ကိုသာ ရှာမတွေ့လျှင် သူတို့ကို မကောင်းဆိုးဝါးကောင်များက နင်းချေပစ် လိမ့်မည်ဟု ထင်နေသည်။

သင်းထောက်ဆရာက ဓမ္မတေးကို သီဆိုလိုက်တိုင်းမာရီယာ သည် "မာ … ရီ …ယာ …" ဟူသည့် ခေါ်သံကြီးကိုသာ ကြားယောင် ပြီး တုန်လှုပ်၍ နေမိတော့သည်။

* * *

http://www.cherrythitsar.org

http://www.cherrythitsar.org



## (၃)

နီကိုလိုင်တို့မိသားစု ရောက်နေသည် ဟူသည့် သတင်းကို ရွာထဲမှ လူတွေကြားသွားသဖြင့် ဝတ်ပြုပွဲအခမ်းအနား ပြီးစီးသွားသောအခါ သူတို့တဲသို့ စုဝေးရောက်လာကြသည်။ လီယွန်နီရော့ဗ်၊ မက်ထ်ဗေရော့ဗ်နှင့် အီလီရော့ဗ်မိသားစုများလည်းမော်စကိုမြို့တွင် အလုပ်သွားလုပ်နေသည့် သူတို့သားချင်းများ၏ သတင်းကို ကြားလိုသဖြင့် ရောက်လာကြသည်။ စာရေးစာဖတ်တတ်သည့်ဇူကိုဗိုရွာမှ လူငယ် လူရွယ် မှန်သမျှ မော်စကိုသို့တက်ကာ ဟိုတယ်စားပွဲထိုး၊ အခန်းစောင့် အလုပ်များ သွားရောက်လုပ်ကိုင်ခဲ့ကြသည်။

မြစ်တစ်ဖက်ကမ်းရွာမှ လူငယ်များမှာမူ ပေါင်မုန့်ဖုတ် အလုပ်သမားအဖြစ် လုပ်ကိုင်ကြသည်။ မြေကျွန်စနစ် မဖျက်သိမ်းမီကာလကတည်းကပင်ဤသို့လုပ်ကိုင်ခဲ့ကြသည်။ လူကာအီဗာနစ်ချ်

http://www.cherrythitsar.org



ဆိုလျှင် မော်စကိုကလပ်တစ်ခုတွင် စားပွဲထိုးအကြီးအကဲ ဖြစ်သွားခဲ့ပြီး သူ့ရွာသားများကိုခေါ်ကာ သူ့လက်အောက်တွင် အလုပ်ပေးခဲ့သည်။ နောက်ပိုင်း သူအခြေကျသောအခါ ရွာသားများကို စာရေးခေါ်ပြီး၊ အခြားအရက်ဆိုင်နှင့်စားသောက်ဆိုင်များတွင်အလုပ်သွင်းပေးခဲ့သည်။ ထိုအချိန်မှစ၍ ဇူကိုဗိုရွာကို အနီးအနားရွာသားများကဟိုတယ်အလုပ်သမားရွာဟု ခေါ်ဝေါ်ခဲ့ကြသည်။

ဇူကိုဗိုရွာမှ မော်စကိုမြို့သို့တက်၍ သွားရောက် အလုပ်လုပ်ခဲ့ကြသူများထဲတွင် နီကိုလိုင်လည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့သည်။ နီကိုလိုင်သည် အသက်တစ်ဆယ့်တစ်နှစ်သားအရွယ်မှ စတင်၍ အလုပ်ဝင်ခဲ့သည်။ ဟာမစ်တစ်ဥယျာဉ် စားသောက်ဆိုင်တွင်အလုပ်သမား အလုပ်လုပ်နေသည့် မက်ထ်ဗေရှော့ဗ် မိသားစုမှ အီဗန်မာကရစ်ချ်သည် နီကိုလိုင်ကို အလုပ်သွင်းပေးခဲ့သည်။ထို့ကြောင့်လည်း မက်ထ်ဗေရှော့ဗ်မိသားစုများနှင့်တွေ့လျှင် နီကိုလိုင်က မာကရစ်ချ်သည် သူ၏ကျေးဇူးရှင်ဖြစ်သည်ဟုကျေးဇူးစကား တဖွဖွပြောလေ့ရှိသည်။

"အီဗန်မာကရစ်ချ်ဟာ ကျွန်တော့်ကျေးဇူးရှင်ပါ။ဒါကြောင့် နေ့စဉ်ဘုရားရှိခိုးတိုင်းသူ့အတွက် ကျွန်တော်အမြဲဆုတောင်းအိပ်ပါတယ်။ သူ့ကြောင့် ကျွန်တော်လူတစ်လုံး သူတစ်လုံး ဖြစ်လာခဲ့တာပါ" ဟု ပြောလေ့ရှိသည်။

"အီဗန်မာကရစ်ချ်ဆီက ဘာသတင်းမှ မကြားရဘူး။ စုပ်စမြုပ်စ မြုပ်သွားလိုက်တာ" ဟု မာကရစ်ချ်၏အစ်မ အရပ်မြင့်မြင့်နှင့် အဘွားကြီးက မျက်ရည်စမ်းစမ်းဖြင့် ပြောသည်။

"ပြီးခဲ့တဲ့ ဆောင်းတွင်းတုန်းကတော့ အိုမွန်စားသောက်ဆိုင်မှာ အလုပ်လုပ်တယ်။အခုတော့ မြို့ပြင်က ဥယျာဉ်စားသောက်ဆိုင်

http://www.cherrythitsar.org



မှာလို့ ပြောတာပဲ။ အသက်အရွယ်ကလည်း ထောက်လာပြီ။ ပြီးခဲ့တဲ့ နွေရာသီတုန်းကတော့ တစ်နေ့ ဆယ်ရူဘယ် လောက်ရတယ် ပြောတယ်။ အခုနှစ်တော့ အရောင်းအဝယ်နဲ့ အလုပ်အကိုင်တွေက သိပ်မကောင်းတော့ သူနည်းနည်းကျပ်ပုံရတယ်”ဟု နီကိုလိုင်ကပြောပြသည်။

သက္ကလပ်စဖြင့် ချုပ်ထားသော ဘွတ်ဖိနပ်ရှည်ကြီးကို စီးထားသည့် နီကိုလိုင်၏ ခြေထောက်နှင့် ဖြူဖျော့နေသည့် မျက်နှာကို ကြည့်ပြီး သူတို့အားလုံး စိတ်မကောင်းဖြစ်သွားကြသည်။

“နီကိုလိုင်၊ နင်တော့ ဘာမှလုပ်ကိုင် စားသောက်နိုင်မှာ မဟုတ်တော့ဘူးနော်” ဟု ဆိုကြသည်။

ဆွေမျိုးတွေက နီကိုလိုင်၏သမီး ဆာရှာလေးကို ပွတ်သပ်ချော့မြူရင်း နှုတ်ဆက်ကြသည်။ ဆာရှာလေးမှာ အသက် ဆယ်နှစ်ယောက်ရှိပြီဖြစ်သော်လည်း ကိုယ်လုံးကိုယ်ထည်က သေးညက်နေသဖြင့် ခုနစ်နှစ် အရွယ်လောက်ဟု ထင်ရသည်။ နေလောင်ထားသည့် မျက်နှာနှင့် ချည်အကျီရှည်ကြီးကို ဖိုသီဖတ်သီ ဝတ်ဆင်ထားသော တော ကလေးများအလယ်တွင် မျက်နှာဖြူဖပ်ဖြူရော် မျက်လုံးအရွဲသား ခေါင်းစီးကြိုးအနီကလေးနှင့် လှနေသော ဆာရှာကလေး၏ အသွင်မှာ ကစားစရာအရုပ်ကလေးတစ်ရုပ်၊ တောထဲက ဖမ်းမိပြီး ရွာထဲကို ခေါ်လာသည့်တောတွင်း တိရစ္ဆာန်ပေါက်ကလေးတစ်ကောင် အသွင်ပေါက်နေသည်။

“သမီးက စာဖတ်တတ်တယ်”ဟု အိုလဂါက သမီးဖြစ်သူကို ကြည့်ရင်း ကြွားလိုက်သည်။

အခန်းထောင့်မှ သမ္မာကျမ်းစာအုပ်ကို လှမ်းဆွဲယူလိုက်ပြီး

http://www.cherrythitsar.org



"သမီး နည်းနည်းဖတ်ပြလိုက်ပါဦး၊ သမီး ဘဘတို့ ကြီးကြီးတို့က နားထောင်ချင်လို့တဲ့" ဟု အိုလဂါက ပြောလိုက်သည်။

ကျမ်းစာအုပ်ကား ဟောင်းမြွေနေပေပြီ။ လေးလည်းလေးလံလှသည်။သားရေအဖုံးဖြင့် ချုပ်ထားသည်။ စာအုပ်တွင် လက်ကွက်ကလေးတွေ ဖောက်ထားသည်။ ဆာရာက မျက်ခုံးပင့်တင်ကြည့်ရင်း သမ္မာကျမ်းစာမှ စာသားများကို အသံကျယ်ကျယ်ဖြင့် ရွတ်ဖတ်ပြလေသည်။

*"ထိုသူတို့ သွားကြပြီးနောက် ယောသပ်သည် အိပ်မက်မြင်သည်မှာ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထင်ရှား၍ သင်ထလော့။မယ်တော်နှင့် သူငယ်တော်ကို ဆောင်ယူပြီးလျှင် အဲဂုတ္တုပြည်သို့ပြေး၍ တစ်ဖန် ငါပြောဆိုသည့်တိုင်အောင် ထိုပြည်၌နေလော့။*

*"မယ်တော်နှင့် သူငယ်တော်ကို"*

အိုလဂါသည် စိတ်လှုပ်ရှားစွာဖြင့် လိုက်ဆိုလေသည်။

*"အဲဂုတ္တုပြည်ကို ပြေး၍ တစ်ဖန် ငါပြောဆိုသည့်တိုင်အောင် ထိုပြည်၌နေလော့"*

ထိုနေရာရောက်သောအခါ အိုလဂါသည် စိတ်မထိန်းနိုင်တော့ဘဲ မျက်ရည်ဖြိုင်ဖြိုင်ကျတော့သည်။ အိုလဂါငိုနေသည်ကို မြင်ရသောအခါ မာရီယာကလည်း ငိုရှိုက်လေတော့သည်။ အီဗန်မာကရစ်ချ်၏အစ်ကြီးကလည်း လိုက်ငိုသည်။ အဘိုးကြီးက ချောင်းတဟွတ်ဟွတ်ဖြင့်မြေးမလေးအတွက် ပေးစရာလက်ဆောင်ပစ္စည်းကို ရှာသည်။ သို့သော် ဘာမျှမတွေ့၍လက်ကိုသာ ဇော့ရမ်းပြသနေတော့သည်။ ဆာရာ ကျမ်းစာများကို ရွတ်ဖတ်ပြီးစီးသွားသောအခါ အိမ်နီးချင်းအားလုံး အိမ်ကိုပြန်ကြတော့သည်။ သူတို့အားလုံးစိတ်အတော်ထိခိုက်

http://www.cherrythitsar.org



သွားကြပုံရသည်။ အိုလဂါနှင့် ဆာရှာတို့ သားအမိနှစ်ယောက်ကို လည်း ခင်မင်သွားကြသည်။

ထိုနေ့သည် တနင်္ဂနွေဖြစ်သောကြောင့် မိသားစုအားလုံး အိမ်မှာပင် ရှိနေကြသည်။ အဘိုးကြီးအပါအဝင် ချွေးမများ၊ မြေးများ အားလုံးက အမေကြီးဟု ခေါ်ကြသော အဘွားကြီးသည် အိမ်မှု အလုပ်အားလုံးကို ကိုယ်တိုင်ပင်လုပ်ဆောင်နေသည်။မီးမွှေးသည်။ ရေနွေးအိုးတည်သည်။ နေ့လယ်စာကို ကိုယ်တိုင်ချက်ပြုတ်သည်။ မောလိုက်တာဟုလည်း ပါးစပ်ကထုတ်ပြီးညည်းညူသည်။ အိမ်က လူတွေ မစားမသောက်ရဖြစ်မှာကို သူအတော်စိုးရိမ်သည်။ အဘိုးကြီး နှင့်ချွေးမများ အေးအေးဆေးဆေး ထိုင်မနေရမှာကို သူပူပန်သည်။ အိမ်နောက်ဖေးကပဟင်းရွက်ခင်းထဲသို့ အရက်ဆိုင်မှ ဘဲငန်းတစ်ကောင် ဝင်သွားသံကို ကြားရသောအခါ အဘွားကြီးသည် တဲထဲမှ ထွက်ကာ တုတ်ရှည်ရှည်တစ်ချောင်းကို ကောက်ပြီး လိုက်တော့သည်။ ဂေါ်ဖီ ထုပ်ပင်များကလည်း အဘွားကြီး၏ပုံအတိုင်းပင် ညှိုးနွမ်းခြောက်ခြောက် ပိန်လှီလှီ။ ကျီးတစ်ကောင်က ကြက်ကလေးကို ထိုးဆိတ်နေပြန်သော အခါ အဘွားကြီးသည်ကျီးဆီသို့ပြေးပြီး အော်ဟစ် ဆဲဆိုပြန်သည်။ အဘွားကြီးသည် မိုးလင်းမှညနေအထိ ဒေါသထွက်ကာ မြည်တွန် တောက်တီးနေသည်။ ဆူသံ ဆဲသံ မြည်တွန်တောက်တီးသံများက ကျယ်လောင်လှသဖြင့် တစ်ခါတစ်ခါ လမ်းသွား လမ်းလာများပင် ရပ် နားထောင်ရသည်အထိ ဖြစ်သည်။

အဘွားကြီးသည် အဘိုးကြီးအားလည်း ကြမ်းကြမ်းတမ်းတမ်း ပင် ပြောဆိုဆက်ဆံလေ့ ရှိသည်။"အပျင်းကြီး" ဟုလည်းခေါ်တတ် ပြီး တစ်ခါတစ်ခါ" ကာလဝမ်းကျကြီး" ဟုလည်း ခေါ်တတ်သည်။

http://www.cherrythitsar.org



အဘိုးကြီးကလည်း ဘာအလုပ်မှ လုပ်ချင်သူမဟုတ်။ တွန်းတွန်းမမ လုပ်မပေးလျှင် အိပ်ရာပေါ်တွင်တစ်နေကုန်ထိုင်ပြီး စကားပြောနေမည့် လူစားမျိုးဖြစ်သည်ဟု အဘွားက ပြောလေ့ရှိသည်။ သူနှင့်မတည့် သူများအကြောင်းကို သားဖြစ်သူအား အကျယ်တဝင့်ပြောပြနေမည်။ သို့တည်းမဟုတ် အိမ်နီးချင်းများကြောင့် နေ့စဉ်ကြုံတွေ့နေရသည့် ပြဿနာများကို ပြောပြနေမည်။ သူ၏ပြောစကားများကိုနားထောင်ရ သည်မှာ စိတ်ပျက်ပြီး ငြီးငွေ့ဖွယ်ကောင်းလှသည်။

"လက်ဝါးကပ်တော် ချီးမြှောက်တဲ့ ပွဲတော်အပြီး နောက်တစ် ပတ်အကြာမှာ ငါကောက်ရိုးထုံးတွေကို တစ်ထုံးကို ပက်သုံးဆယ်နဲ့ ရောင်းပစ်လိုက်တယ်။သိပ်ကောင်း သိပ်အဆင်ပြေပဲ။ဒါနဲ့ တစ်မနက် ကောက်ရိုးလှည်းကို မောင်းလာတာ။ဘယ်သူ့ကိုမှမနှောက်ယှက်ရ ပါဘူးကွာ။ ကံဆိုးချင်တော့ သူကြီး အန်တစ်ဆီဒယ်နီကော့လေ၊ ဘုံဆိုင်ကထွက်လာပြီး ဟော့ဒါက ဘယ်ကိုသွားမလို့လဲကွလို့ ဟောက် ပြီး ငါကို နဘန်တစ်ချက် ကျင်းလိုက်တော့တာပဲကွာ..."ဟူ၍ မကျေမနပ်ပြောသည်။

ညက အလွန်အကျွံမူးလာသဖြင့် ကီရီယာ့ခ်သည် ခေါင်းအုံပြီး ကိုက်ခဲနေသည်။

"တော်တော်ပြင်းတဲ့ ဗော်ဒကာအရက်ပဲ။ငါ့ညီနဲ့ ခယ်မတို့ရေ အစ်ကိုကြီးကို ခွင့်လွှတ်ကြပါကွာ။ငါလည်း ကိုယ့်ကိုယ်ကိုစိတ်ပျက် လှပါပြီ..."ဟု ကီရီယာ့ခ်က ဆိုသည်။

တနင်္ဂနွေနေ့ဖြစ်သောကြောင့် အရက်ဆိုင်မှ ငါးသလောက် တစ်ကောင်ဝယ်ပြီး ငါးခေါင်းဟင်းချိုချက်သည်။နေ့လယ်ပိုင်းတွင် မိသားစုအားလုံး လက်ဖက်ရည် ထိုင်သောက်ကြသည်။လက်ဖက်ရည်

http://www.cherrythitsar.org



သောက်သည်မှာ အတော်ကြာသည်။ရွှေးတပြိုက်ပြိုက်ကျသည်အထိ ဖြစ်သည်။ထို့နောက် အိုးထဲမှ စွပ်ပြုတ်ကို သောက်ကြသည်။ငါး ကိုတော့ အဘွားက ဝှက်ထားသည်။

ညနေဘက်တွင် တောင်စောင်း၌ အိုးဖုတ်သမားများ အိုးဖုတ် ကြသည်။ တောင်ခြေမြက်ခင်းပြင်ပေါ်တွင် ရွာထဲမှ ကလေးမလေး များ ဝိုင်းကြီးပတ်ပတ်လည် သီဆိုကခုန်ကြသည်။ တစ်ယောက်က အကော်ဒီယံတီးနေသည်။ မြစ်တစ်ဖက်ကမ်းမှ အိုးဖုတ်နေသည့်မီး ရောင်နှင့်အတူ မိန်းကလေးငယ်များ၏သံပြိုင်သီဆိုသံကို ကြားနေရ သည်။ အရက်ဆိုင်ထဲမှနှင့် အရက်ဆိုင်ပတ်ဝန်းကျင်တစ်ဝိုက်မှ အရက် သမားများ၏ အော်သံပြောသံများကိုလည်း ဆူညံစွာကြားနေရသည်။ အရက်မူးသံကြီးနှင့် သီချင်းဆိုသံ၊ ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုသံများ ကိုကြားရသောအခါ အိုလဂါသည် ထိတ်လန့် တုန်လှုပ်၍သွားသည်။ ပါးစပ်ကဘုရား...ဘုရား...ဘုရား...ထပ်တလဲလဲရေရွတ်မိသည်။

"ဘုရား...ဘုရား"

အမူးသမားများ၏ ဆဲဆိုသံများက အဆက်မပြတ်။ဆဲဆိုနေ ကြသူများမှာလည်း သေကာနီး အသက်ကြီးများ ဖြစ်နေသည်ကို တွေ့ရသောအခါ အိုလဂါ အံ့ဩရလေသည်။ ကလေးငယ်များနှင့် ကလေးမကလေးများက ညစ်ညစ်ပတ်ပတ် ဆဲဆိုနေသံများကို နား ထောင်၍နေကြသည်။ စိတ်အနှောင့်အယှက်လည်း မဖြစ်ကြ။ သူတို့ သည် ဤကိစ္စမျိုးကို ပုခက်အတွင်း နေခဲ့စဉ်ကတည်းက ယဉ်ပါး လာခဲ့ကြပုံရသည်။

သန်းခေါင်ယံအချိန်သို့ ရောက်လာသည်။မြစ်တစ်ဖက်ကမ်း ဆီမှအိုးဖုတ်သမားများ၏မီးများငြိမ်းသွားသည်။သို့သော် မြက်ခင်း

http://www.cherrythitsar.org



ပြင်နှင့် အရက်ဆိုင်ထဲတွင်မူ လူစုမကွဲသေး၊ ဆူညံစွာရှိနေကြဆဲ။ အဘိုးကြီးနှင့် သားကြီးကီရိယာ့ခ်တို့သားအဖနှစ်ယောက်လုံး မူးနေကြကာသားပခုံး အဖေကဖက်ပြီး အဖေ့ပခုံး သားကဖက်၍ အရက်ဆိုင်မှ ပြန်လာကြသည်။အိုလဂါနှင့် မာရီယာတို့ လှဲအိပ်နေသောနေရာဆီသို့ လျှောက်လာကြသည်။

"သူ့ကို မနှိပ်စက်ပါနဲ့။ သူ့ဘာသူ နေပါစေ။ သူက မိန်းမကောင်းပါ၊ အကုသိုလ်ဖြစ်မယ်"

အဘိုးကြီးက တောင်းပန်စကား ဆိုသည်။

"မာ ... ရီ ... ယာ ..." ဟု ကီရိယာ့ခ်က အော်ခေါ်ရသည်။

"နေပါစေလေ။ အကုသိုလ်ဖြစ်မယ်။ သူက ဘာဒုက္ခမှ ပေးတာမှ မဟုတ်တာ"

သူတို့နှစ်ယောက်သည် စပါးကျီအနီးတွင် တစ်ခဏရပ်ပြီးနောက် ကီရိယာ့ခ်က အလျင် တဲထဲသို့ ဝင်သွားသည်။

*''တောပန်းကလေးတွေကိုပဲ ချစ်မိတယ် x x x လယ်တောထဲက တောပန်းကလေးကို ခူးဆွတ်ချင်လှတယ် x x x "*

အဘိုးကြီးက သီချင်းတစ်ပုဒ်ကို စူးစူးဝါးဝါး အော်ဟစ်သီဆိုလိုက်သည်။ ထို့နောက် တံတွေးကို ပျစ်ကနဲ တစ်ချက်ထွေးလိုက်ကာ အယုတ္တ အနတ္တ ဆဲရေးတိုင်းထွာပြီး အိမ်ထဲသို့ ဝင်သွားတော့သည်။

* * *

http://www.cherrythitsar.org



(၄)

အဘွားက ဆာရှာကို ဟင်းသီးဟင်းရွက်ခင်းအနီးတွင် နေရာချပေးထားသည်။ ဘဲငန်းများ ဟင်းရွက်ခင်းထဲသို့ မဝင်အောင် စောင့်ကြည့်ပေးဟု ဆိုသည်။ ပူလှသည့် ဩဂုတ်လ နေ့ခင်းဖြစ်သည်။ အရက်ဆိုင်မှ ဘဲငန်းများက ဟင်းရွက်ခင်း အိမ်နောက်ဘေးဘက်မှ ဝင်လာနိုင်သော်လည်း လောလောဆယ်တွင် ဂျုံစေ့များကို ကောက်စားနေကြ၍ မလာအားကြသေး။

ငန်းဖိုကြီးက အဘွားကြီး တုတ်တစ်ချောင်းနှင့် အလာကို စောင့်ကြည့်နေသည့်အလား လည်ဆန့်၍ ကြည့်နေသည်။ ငန်းများအားလုံး မြစ်တစ်ဖက်ကမ်းတွင် ရောက်နေကြကာ မြက်ခင်းပြင်ပေါ်တွင် အစာစားနေကြသည်။ မြက်ခင်းစိမ်းပေါ်တွင် ငန်းအုပ်တစ်တန်း ဖြူဖြူကြီးသည် အထင်းသား ပြန့်ကြဲသွားလာနေကြသည်။ငန်းများကို

http://www.cherrythitsar.org



စောင့်ကြည့်ရင်း တစ်ခဏအတွင်းမှာပင် ဆာရှာသည် ပျင်းရိငြီးငွေ့လာသည်။ ငန်းများ စိုက်ခင်းထဲသို့ မလာတော့ဟု ယူဆကာ တောင်စောင်းအောက် မြစ်ဆိပ်သို့ ဆာရှာ ဆင်းလာခဲ့တော့သည်။

တောင်အောက်တွင် မာရီယာ၏ အကြီးဆုံးသမီး မိုတကာကို တွေ့ရသည်။ မိုတကာသည် ကျောက်တုံးကြီးတစ်တုံးပေါ်တွင် မလှုပ်မယှက် မတ်တပ်ရပ်ကာ ဘုရားရှိခိုးကျောင်းဆီသို့ လှမ်းကြည့်နေသည်။ မိုတကာ့အမေ မာရီယာသည် သားသမီးတစ်ဆယ့်သုံးယောက် မွေးခဲ့သည်။ တစ်ဆယ့်သုံးယောက်အနက် ခြောက်ယောက်သာ အဖတ်တင်ကျန်ခဲ့သည်။ ထိုခြောက်ယောက်မှာလည်းသမီးမိန်းကလေးများချည်းသာဖြစ်သည်။ သားယောက်ျားလေး တစ်ယောက်မျှမပါ။ အကြီးဆုံးသမီး မိုတကာက အသက်ရှစ်နှစ်။ သူ့ခြေထောက်တွင် ဖိနပ်မပါ။ ဝတ်ထားသည့်အဝတ်အစားတွေက ခပ်ပွေပွေ ခပ်ရှည်ရှည်။ မိုတကာသည် သူ့ခေါင်းတည့်တည့်ပေါ်တွင် ခြစ်ခြစ်တောက်ပူလောင်နေသော နေကို တည့်တည့်ပင် စူးစိုက်ကြည့်နေသည်။ သူသည် ဘာကိုမျှ ဂရုမထား။ သူ့ပုံမှာ ကျောက်ရုပ်တစ်ရုပ်အလား ထင်မှတ်ရသည်။

ဆာရှာသည် မိုတကာ၏ နံဘေးတွင်ရပ်ကာ ဘုရားကျောင်းဆီသို့ လှမ်းကြည့်ရင်း ပြောလိုက်သည်။

"ဘုရားသခင်ဟာ အဲဒီဘုရားကျောင်းထဲမှာ ရှိနေတယ်။ လူတွေက အိမ်တွေမှာ မီးအိမ်နဲ့ ဖယောင်းတိုင်တွေ ထွန်းပြီး ပူဇော်ကြတယ်။ ဘုရားသခင်မှာ မီးအိမ်သေးသေးကလေးတွေရှိတယ်။ အနီအစိမ်း အပြာ မီးအိမ်ကလေးတွေ။ မျက်လုံးသေးသေးကလေးတွေနဲ့ တူတယ်။ ဘုရားသခင်ဟာ ညဘက်ကျရင် ကျောင်းဝန်းထဲမှာ လမ်း

http://www.cherrythitsar.org



လျှောက်နေတတ်တယ်။ ဘုရားသခင်နဲ့အတူ မယ်တော်မာရီနဲ့ သူတော်စင် နီကိုလိုင် ပါလေ့ ရှိတယ်။ အစောင့်ဟာ အရမ်း ကြောက်နေတယ်။ ဒီတော့ ...”

ဆာရာသည် သူ့အမေ အိုလဂါ၏ပုံစံကို တုပြောရင်း

“စီရင်ဆုံးဖြတ်တော်မူမဲ့နေ့ ရောက်လာတဲ့အခါ ဘုရား ကျောင်းအားလုံး ကောင်းကင်ဘုံကို ရောက်သွားကြလိမ့်မယ်” ဟု ပြောလေသည်။

‘ခေါင်းလောင်းတွေရောလား”

မိုတကာက အသံကွဲအက်အက်ဖြင့် မေးသည်။

“အင်းပေါ့၊ ခေါင်းလောင်းတွေရောပေါ့။ နောက်ဆုံး စီရင် ဆုံးဖြတ်တော်မူမယ့်နေ့ ရောက်လာတဲ့အခါ သူတော်ကောင်းတွေဟာ ကောင်းကင်ဘုံကို ရောက်သွားပြီး သူယုတ်မာတွေဟာ ထာဝရ တောက်လောင်နေတဲ့ မီးလျှံတွေအဖြစ် ပြောင်းလဲသွားကြလိမ့်မယ်။ ဘုရားသခင်ဟာ မေမေနဲ့ ဒေါ်လေးမာရီယာ့ကို သင်တို့ဟာ ဘယ်သူ့ ကိုမှ နာကျဉ်အောင်မလုပ်။ ဒုက္ခမပေးခဲ့လို့ ညာဘက်ကောင်းကင်ဘုံ ကိုသွား။ ဦးကြီးကီရီယာ့ခ်နဲ့ ဘွားဘွားကိုတော့ သင်တို့ ဘယ်ဘက် မီးလျှံ တွေထဲသွားလို့ မိန့်တော်မူလိမ့်မယ်။ ဝါတွင်းမှာ အသားစားတဲ့ လူ၊ ဥပုသ်စောင့်တုန်း အစာစားတဲ့လူတွေလည်း မီးလျှံထဲကို သွား လို့ မိန့်တော်မူလိမ့်မယ်”

ဆာရာသည် ကောင်းကင်သို့မော့ကာ မျက်လုံးအစုံကို ဖွင့် ကြည့်ရင်း ...

“မိုးကောင်းကင်ကြီးကို မျက်စိမမှတ်ဘဲ မော့ကြည့်။ တမန် တော်တွေကို တွေ့ရလိမ့်မယ်” ဟုပြောလိုက်သည်။

http://www.cherrythitsar.org



မိုတကာက ကောင်းကင်သို့ မော့ကြည့်သည်။ တမိနစ်ကြာမျှ ငြိမ်သက်၍ နေသည်။

"တမန်တော်တွေကို တွေ့ရဲ့လား"

ဆာရာက မေးသည်။

"ဟင့်အင်း၊ ဘာမှမတွေ့ရဘူး"

မိုတကာက အသံအက်ကွဲကွဲဖြင့် ဖြေသည်။

"ငါတော့ မြင်ရတယ်။ တမန်တော်သေးသေးကလေးတွေ မိုးပေါ်မှာဖြတ်ပြီး ပျံသန်းနေကြတယ်။ မိုတ်တုတ်မိုတ်တုတ်နဲ့ အတောင်ကလေးတွေ တဖျတ်ဖျတ်နဲ့ ခြင်ကောင်ကလေးတွေ ကျနေတာပဲ"

မိုတကာသည် တစ်ခဏကြာမျှ စဉ်းစားနေပြီး မြေကြီးပေါ် ငုံ့ကြည့်ကာ ဆာရာ့ကို မေးလိုက်သည်။

"အဘွားက မီးလောင်မှာလားဟင်"

"လောင်မှာပေါ့"

ကျောက်တုံးကြီးထိပ်မှာ အောက်ခြေအထိသည် ပြေပြေပြစ်ပြစ်နှင့် မတ်စောက်နေပြီး မြက်ခင်းစိမ်းနုနုကလေးများ ဖုံးလွှမ်းနေသည်။ လက်နှင့်ကိုင်ကြည့်ချင်စရာ လှဲအိပ်ချင်စရာပင် ကောင်းနေသေးတော့သည်။ ဆာရာသည် ကိုယ်ကိုလှဲချသော အောက်ဘက်သို့ လှိမ့်ချလိုက်သည်။ မျက်နှာထားတင်းတင်းနှင့်နေသော မိုတကာလည်း ဆာရာ့နည်းတူ အသက်ကိုအောင့်လိုက်ကာ အပေါ်မှအောက်သို့ လှိမ့်ချလိုက်သည်။ သူ့အကျႌရှည်ရှည်ဖားဖားကြီးက ပခုံးများကို ထုပ်ထားသလို ရစ်ပတ်၍နေသည်။

"သိပ်ပျော်စရာကောင်းတာပဲနော် ..." ဟု ဆာရာက အားတက်

http://www.cherrythitsar.org



သရောပြောလိုက်သည်။ သူတို့နှစ်ယောက်သည် ကျောက်တုံးကြီးပေါ်သို့ တစ်ခါပြန်တက်ကာ အောက်သို့ လိုမ့်ချကြပြန်သည်။ ထိုအချိန်တွင်မှာပင် စူးစူးဝါးဝါးအော်သံကို သူတို့ကြားလိုက်ရသည်။ ကြောက်စရာကောင်းလိုက်သည့်ဖြစ်ခြင်း။ သွားဟောင်းလောင်း အရိုးပြိုင်းပြိုင်းခါးကိုင်းကိုင်းနှင့် အဘွား။ အဘွား၏ တိုနံ့နံ့နှင့် ဖြူဖွေးနေသောဆံပင်များက လေထဲတွင်တလွင့်လွင့်။ အဘွားသည် သူ့ဟင်းရွက်ခင်းထဲတွင် မွေနှောက်ဖျက်ဆီးနေသော ဘဲငန်းများကို တုတ်တစ်ချောင်းနှင့် အော်ဟစ်မောင်းထုတ်နေသည်။ ပါးစပ်ကလည်း "ငါ့ဂေါ်ဖီပင်တွေကို ရစရာမရှိအောင် ဖျက်ဆီးသွားပြီ။ သေနာကျငန်းတွေ ..." ဟု တတွတ်တွတ်ဆဲဆိုနေသည်။

အဘွားသည် ဆာရာနှင့် မိုတကာကို မြင်တွေ့ရသောအခါ တုတ်ကို ဘေးသို့ ပစ်ချကာ တံဖျာကို ကောက်ယူလိုက်သည်။ ဆာရာ၏ လည်ပင်းကို သူ၏ သစ်ကိုင်းခွလို ကြမ်းတမ်းခြောက်ကပ်နေသော လက်ချောင်းများနှင့် ဆုပ်ကိုင်ကာ တံဖျာနှင့် ရိုက်တော့သည်။ ဆာရာသည် ကြောက်ပြီး နာကျင်လွန်းသဖြင့် အော်ဟစ်ငိုလေသည်။ ဘဲငန်းထီးကြီးက ယက်ကန်ယက်ကန်နှင့် လည်ကိုဆန့်၍ အဘွားကြီးဆီသို့ပြေးလာသည်။ ဘဲငန်းကြီးသည် အဘွားကြီးအား တရှီးရှီးအသံပြုကာ သူ့ငန်းအုပ်အတွင်းသို့ ပြေးဝင်သွားသည်။ ငန်းထီးကြီး ရောက်လာသောအခါ ကျန်ငန်းများက 'ဂတ်' 'ဂတ်' ဟူသော အသံများဖြင့် ကောင်းချီးပေးကြသည်။ ဆာရာ့ကို ရိုက်ပြီးသောအခါ အဘွားသည် မိုတကာ့ကို ဆက်ပြီး ကြိမ်နှင့်ရိုက်ပြန်သည်။ မိုတကာမှာ အင်္ကျီပွပွကြီးနှင့် လုံးထွေးနေသည်။ ဆာရာသည် ဝမ်းနည်းငိုယိုပြီးတဲသို့ ပြန်ဝင်သွားလေသည်။ မိုတကာသည် ဆာရာ့နောက်မှ

http://www.cherrythitsar.org



အသံကျယ်ကျယ်လောင်လောင်ဖြင့် ငိုယိုသည်။ မျက်ရည်များကိုသုတ်မထားသဖြင့် မိုတကာ၏မျက်နှာမှာ စွတ်စိုနေသည်။ မျက်နှာကို ရေထဲတွင် နှစ်ထားသည်အလား ထင်မှတ်ရသည်။

"ဘုရား ... ဘုရား" ဟုရေရွတ်ကာ အိုလဂါသည် သမီးဖြစ်သူကိုခေါ်ကာ တဲအတွင်းသို့ ဝင်သွားသည်။

ဆာရှာက သူအရိုက်ခံရသည့်အကြောင်းကို မိခင်အား ပြန်ပြောပြနေချိန်တွင် အဘွားရောက်လာသည်။ အဘွားသည် ဒေါသတကြီး အော်ဟစ်ကျိန်ဆဲနေသည်။ ဖက်ခလာကပါ ဒေါသူပုန်ထလာရာ တဲတစ်တဲလုံး ဆူညံပွက်လောရိုက်၍ သွားတော့သည်။

"စိတ်ထဲ ဘယ်လိုမှသဘောမထားရဘူး" ဟု အိုလဂါက သမီးဘွားအေပဲဟာ၊ ဘွားအေကို စိတ်မဆိုးရဘူး" ဟု အိုလဂါက သမီးဖြစ်သူ၏ ဆံပင်ကိုဖွရင်း ချော့မော့ပြောလိုက်သည်။ သို့သော် မျက်နှာကမူ မကောင်း။

အမြဲတမ်း အသံဗလံ ဆူဆူညံညံနှင့် ဝေါ်ပြတ်မှုကို ကြုံတွေ့နေရပြီး အနံ့အသက်ဆိုးများနှင့် မီးခိုးငွေ့များကို ရှူရှိုက်နေရသော ဆင်းရဲမွဲတေသည့်အဖြစ်ကို စက်ဆုပ် မုန်းတီးနေသော နီကိုလိုင်သည် သူ့ခနီးနှင့် သမီးရှေ့တွင် မိဘနှစ်ပါး၏ ရက်စရာလုပ်ရပ်များကြောင့် မီးဖိုကို ခြေနှင့်ဆောင့်ကာ "အမေ ဒီကလေးကို မရိုက်ရဘူး။ ဘာပဲဖြစ်ဖြစ် ရိုက်ခွင့်မရှိဘူး" ဟုဒေါသတကြီး ပြောလိုက်သည်။ ပြောရင်း မျက်ရည်များလည်း တသွင်သွင်စီးကျလာသည်။

"နင်က အဲဒီအပေါ်မှာ မသာဖြစ်တော့မယ့်ကောင်။ ငါတို့ကို ဒုက္ခပေးဖို့ မကောင်းဆိုးဝါးက ခေါ်လာတာ"

ဖက်ခလာက နီကိုလိုင်ကို ဒေါသတကြီး ဝင်ပြောသည်။

http://www.cherrythitsar.org



ဆာရှာ၊ မိုတကာနှင့် ကလေးငယ်အားလုံးမှာ နီကိုလိုင်၏ နောက်ဘက် မီးဖိုကြီးဘေးထောင့်တွင် ကျုံ့ကျုံ့ကလေးဝပ်ပြီး ရန်ဖြစ်နေသည်ကို ကြောက်ကြောက်နှင့်နားထောင်နေကြသည်။ သူတို့ရင်ထဲတွင် တဒိန်းဒိန်းခုန်နေကြသည်။ မိသားစုတစ်စုတွင် မျှော်လင့်ချက်မရှိတော့သည့် နာတာရှည် လူမမာတစ်ယောက် ရှိလာပြီဆိုလျှင် ကျန်မိသားစုအားလုံး၏ ရင်ထဲမှဆန္ဒသည် လူမမာကို မြန်မြန်သေစေချင်နေသည့်ဆန္ဒပင် ဖြစ်တော့သည်။ ကလေးငယ်များကမူ သူတို့ဆွေမျိုးသားချင်း၊ သူတို့ချစ်သည့် လူတစ်ယောက်သေသွားမှာကို စိုးရိမ်ကြသည်။ ထိတ်လန့်ကြောက်ရွံ့၍လည်းနေကြသည်။ ကလေးငယ်များသည် အသက်ကိုအောင့်ကာ နီကိုလိုင်၏မျက်နှာကို စိတ်မကောင်းသည့်ဟန်ဖြင့် ကြည့်နေကြသည်။ သူတို့တစ်တွေသည် နီကိုလိုင်အတွက် အားပေး ကြင်နာစကား တစ်စုံတစ်ရာကို ပြောပြချင်နေကြရှာသည်။

နီကိုလိုင်သည် ဇနီးဖြစ်သူကို အားကိုးရှာသည့်အလား အသာ ဖက်ကာ တုန်တုန်ရီရီဖြင့် ပြောလိုက်သည်။

"အိုလဂါရေ ... အစ်ကိုတော့ ဒီမှာ ဆက်မနေနိုင်တော့ဘူး။ ဆက်နေနိုင်တဲ့ အင်အားလည်း မရှိတော့ဘူး။ မင့်အစ်မ ကလောဒီယာ အဘရာမိုဘာ့ဆီကိုသာ စာရေးပါတော့ကွာ။ ရှိသမျှပစ္စည်း အကုန်ထုခွဲရောင်းချ ပေါင်နှံပြီး တို့ဆီ ငွေပို့ပေးပါလို့။ တို့မိသားစု ဒီကခွာကြရအောင်၊ မော်စကိုမြို့ကြီးကို ပြန်ကြရအောင်။ မော်စကိုမြို့ကြီးကို အစ်ကိုမြင်ချင်လိုက်တာ။ အိပ်မက်ထဲမှာဖြစ်ဖြစ် ခဏပြန်မြင်တွေ့ချင်လိုက်တာကွယ် ..."

ညနေစောင်း၍ တဲတစ်တဲလုံး မှောင်လာသည်အထိ အားလုံး

http://www.cherrythitsar.org



သုန်သုန်မှုန်မှုန်ဖြင့် စကားမပြောနိုင် မဆိုနိုင်ဖြစ်နေကြသည်။ အဘွားက စိတ်ဆိုးမပြေသေး။ ပေါင်မုန့်ကြမ်းများ ခွက်ထဲတွင် နှစ်ကာ တစ်နာရီကြာ စားသောက်နေသည်။ မာရီယာက နို့ညှစ်ပြီး တဲထဲသို့ နို့ပုံးကိုယူလာကာ ခုံတန်းပေါ်သို့ချသည်။ အဘွား နို့များကို ကရားထဲသို့ တဖြေးဖြေးလောင်းထည့်သည်။ ဥပုသ်ကာလအတွင်း မည်သူမျှ နို့မသောက်ရ ဆိုသည်ကို တွေးပြီးသဘောကျနေသည်။ နွားနို့ကို ဖက်ခလာ၏ ကလေးအတွက် ပန်းကန်ပြားထဲသို့ တစ်စက်နှစ်စက်လောက် လောင်းချပေးသည်။ အဘွားနှင့် မာရီယာသည် နွားနို့ကို မြေအောက်ခန်းထဲသို့ ကရားများဖြင့် သယ်ယူသွားသောအခါမာရီယာ၏သမီး မိုတကာသည် မီးဖိုကြီးပေါ်မှ ရုတ်တရက်ဆင်းကာ ခုံတန်းဆီသို့သွားသည်။ ခုံတန်းပေါ်တွင် တင်ထားသော ပန်းကန်ပြားထဲမှ နွားနို့များကို အဘွားစားနေသော ပေါင်မုန့်များထဲသို့ လောင်းထည့်လိုက်သည်။

အဘွားသည် မြေအောက်ခန်းမှ ပြန်လာပြီး သူ့ပေါင်မုန့်များကို ဆက်စားသည်။ မီးဖိုကြီးပေါ်တွင် ထိုင်နေကြသော ဆာရှာနှင့် မိုတကာတို့ နှစ်ယောက်သည် အဘွား နို့ပါသည့် ပေါင်မုန့်များကို စားနေသည်ကိုကြည့်ကာ ဝမ်းသာနေကြသည်။ အဘွား ဥပုသ်ကျိုးပြီး ငရဲကျတော့မည်။ ဆာရှာနှင့် မိုတကာတို့သည် ပျော်ရွှင်ကျေနပ်သွားကြပြီး အိပ်ယာဝင်ခဲ့ကြတော့သည်။ ဆာရှာသည် နောက်ဆုံးစီရင်ချက်နေ့ကို တွေးရင်း အိပ်ပျော်သွားသည်။ ဆာရှာ၏ အိပ်မက်ထဲတွင်အိုးဖုတ်သမား၏မီးလို အလျှံညီးညီး တောက်လောင်နေသော မီးလျှံကြီးကိုမြင်တွေ့ရသည်။ ဦးချိုမည်းမည်းတွေပါသည့် မကောင်း

http://www.cherrythitsar.org



ဆိုးဝါးကောင်ကြီးတစ်ကောင်သည် တုတ်ရှည်ကြီးတစ်ချောင်းနှင့် အဘွား သူ့ဘဲငန်းတွေကို မောင်းသလို မီးလျှံအတွင်းသို့ အဘွားကို မောင်းခေါ်သွားလေသည်။

* * *

http://www.cherrythitsar.org



(၅)

"မယ်တော်မာရီ ကောင်းကင်ဘုံရောက်သည့်နေ့" ပွဲတော်ရက် ညတစ်ဆယ့် တစ်နာရီလောက်အချိန်တွင် ရွာထဲမှ ကလေးငယ်များ မြစ်ကမ်းခြေမှ မြက်ခင်းပြင်ပေါ်၌ ကစားနေကြစဉ် ရုတ်တရက် အော်ဟစ်သံကြား၍ ရွာထဲသို့ ပြန်ပြေးလာခဲ့ကြသည်။ မြစ်ကမ်းပါး ပေါ်တွင် ထိုင်နေကြသူများမှာ ရုတ်တရက် နားမလည်နိုင် ဖြစ်သွား ကြသည်။

"မီး ... မီး ... မီး လောင်နေပြီ" ဟူသော အသံများကို ရွာထဲ ဆီမှ ကြားလိုက်ရသည်။

မြစ်ကမ်းပါးပေါ်တွင် ထိုင်နေကြသူများက လှည့်ကြည့်လိုက် သောအခါ ကြောက်မက်ဖွယ်ကောင်းလှသည့် ထူးဆန်းသည့်မြင်ကွင်း ကို မြင်တွေ့လိုက်ရသည်။ ရွာအစွန်ရှိ တဲခေါင်းမိုးပေါ်တွင် ခုနစ်ပေ

http://www.cherrythitsar.org



အမြင့်ရှိသည့် မီးလျှံကြီး တောက်လောင်နေသည်။ မီးညွန့်များသည် ရေပန်း ပန်းထွက်နေသလို ဘေးသို့တဖျတ်ဖျတ် လွင့်စင်နေကြသည်။ တစ်ခဏအတွင်းမှာပင် ခေါင်မိုးတစ်ခုလုံး အလျှံညီးညီး တောက်လောင်သွားတော့သည်။ မီးလောင်သံ တဖျတ်ဖျတ်ကို အဝေးမှပင် ကြားနေရတော့သည်။

လရောင်က မှိန်ဖျော့၍ သွားတော့သည်။ သို့သော်လည်း တစ်ရွာလုံး မီးရောင်ထိန်ထိန်လင်း၍ နေတော့သည်။ မီးလျှံ၏ အရိပ်က မြေကြီးပေါ်သို့ ထိုးကျနေသည်။ မီးလောင်နံ့ မီးကျွမ်းနံ့များ နံနေသည်။ အောက်ဘက်မှ ပြေးတက်လာသူများမှာ အသက်မရှူနိုင် စကားမပြောနိုင်ကြဘဲ တစ်ယောက်နှင့်တစ်ယောက် တိုးတိုက်မိကြကာ အလဲလဲအကွဲကွဲ ဖြစ်နေကြသည်။ မီးလောင်သည်ကို မကြုံဖူးကြသဖြင့် တစ်ယောက်ကိုတစ်ယောက် အယောင်ယောင်အမှားမှားဖြင့် မမြင်နိုင်ကြလောင်ပင် ဖြစ်နေကြသည်။ လောင်သည့်မီးက ကြောက်စရာကောင်းလှသည်။ ကြောက်စရာ ပိုကောင်းသည့် မြင်ကွင်းမှာ မီးညွန့်မီးလျှံများအထက် မီးခိုးများအတွင်းတွင် ခိုများပျံသန်းနေကြသည့် မြင်ကွင်းနှင့် အရက်ဆိုင်အတွင်းမှ အမူးသမားများ မီးလောင်နေသည်ကို မသိဘဲ သီချင်းဆိုနေ၊ တီးမှုတ်နေကြသည့် မြင်ကွင်းပင် ဖြစ်တော့သည်။

"ဟောဒီမှာ ... ဦးလေးဆီမွန် မီးရှို့နေတယ်ဗျို့ ..." ဟု တစ်ယောက်က အသံစူးစူးဝါးဝါးဖြင့် အော်ပြောသည်။

မာရီယာသည် တဲဆီသို့ ပြေးလာခဲ့သည်။ လက်ပိုက်ကာ ငို နေသည်။ အံကိုလည်း တင်းတင်းကြိတ်ထားသည်။ မီးက ရွာအစွန် ခပ်လှမ်းလှမ်းမှ လောင်နေခြင်းဖြစ်သည်။ နီကိုလိုင်သည် ဘွတ်ဖိနပ်

http://www.cherrythitsar.org



ရှည်ကြီးကိုစီးကာ ပြေးထွက်လာသည်။ ကလေးငယ်များက အဝတ် အစားများကိုဆွဲကာ ပြေးထွက်လာသည်။ ရဲစခန်းအနီးမှ လူတစ် ယောက်က သံပြားတစ်ချပ်ကို တဒေါင်ဒေါင်ရိုက်ထုနေသည်။ သံပြားသံက လေထဲတွင် ပျံ့လွင့်နေကာ ကြားရသူအဖို့ စိတ်မသက် မသာစရာ၊ ကြောက်လန့်စရာ ဖြစ်နေတော့သည်။ အဘွားကြီးများက လက်ထဲတွင် ဆင်းတုတော်ရုပ်ကလေးများကို ကိုင်၍ ရပ်နေသည်။ ကျွဲနွားတိရစ္ဆာန်များနှင့် သိုးများကိုခြံထဲမှ လမ်းပေါ်သို့ မောင်းထုတ် နေကြသည်။ ရွာသူရွာသားများသည် သေတ္တာပုံးခွက်နှင့်သိုးရေများကို လမ်းပေါ်သို့ သယ်ဆောင်လာကြသည်။ မြင်းနက်ကြီးတစ်ကောင်မှာ မူ အခြားမြင်းများကို ကန်ကျောက်ကာ တစ်ကောင်တည်း ထင်ရာ စိုင်းနေသည်။ ရွာထဲတွင် ပတ်ကာ ဟီလိုက်၊ မြေကြီးပေါ်တွင် ခုန် ပေါက်လိုက် လုပ်နေသည်။ လှည်းတစ်စီးအနီးတွင်ရုတ်တရက်ရပ်ကာ လှည်းကို နောက်ခြေထောက်နှင့် ကန်ကျောက်နေတော့သည်။

မြစ်တစ်ဖက်ရှိ ဘုရားကျောင်းမှ ခေါင်းလောင်းသံများ မြည် ဟီးလာသည်။

မီးလောင်နေသည့် တဲအနီးတွင် အတော်ပူလောင်နေသည်။ မြက်ပင်ကလေးများကို မီးအလင်းရောင်အောက်တွင် မြင်တွေ့နေ ရသည်။ လူတွေဆွဲလာသော သေတ္တာတစ်လုံးပေါ်တွင်အဘိုးကြီးဆီမွန် ထိုင်နေသည်။ ဆံပင်က နီကျင်ကျင်၊ နှာခေါင်းကကြီးကြီး။ အပေါ် အင်္ကျီကို ဝတ်ထားပြီး နားရွက်အလုံပိတ်ထားသော ဦးထုပ်ကြီးကို ဆောင်းထားသည်။ အဘိုးကြီး၏ဇနီးသည် မျက်နှာချင်းဆိုင်တွင် ထိုင်၍ ညည်းတွားနေသည်။ အရပ်ပုကွကွ အသက်ရှစ်ဆယ်အရွယ် ခေါင်းပြောင်ပြောင် မုတ်ဆိတ်မွေးပရပြစ်နှင့် မြေဖုတ်ဘီလူးရုပ်

http://www.cherrythitsar.org



ပေါက်နေသော မီးလောင်မှုတရားခံ အဘိုးကြီးဆီမွှန်သည် အထုပ်ဖြူဖြူတစ်ထုပ်ကို လက်မှဆွဲကာ ဟိုလျှောက် သည်လျှောက်လျှောက်နေသည်။ ဆီမွှန်၏ခေါင်းပြောင်ပြောင်သည် မီးရောင်ဖြင့်အရောင်တောက်နေသည်။ အသားညိုညို ဆံပင်နက်နက်နှင့် ဂျစ်ပဆီရုပ်ပေါက်နေသော ရွာသူကြီး အန်တစ်ဆီဒယ်နီကော့သည် ပုဆိန်တစ်လက်ကိုင်ကာ တဲနားသို့ရောက်လာသည်။ သူကြီးသည် ပြတင်းပေါက်များကို မပြောမဆို တစ်ပေါက်ပြီးတစ်ပေါက် ပုဆိန်ဖြင့်ပေါက်ကာ ဖျက်ဆီးလေတော့သည်။ ဘာရယ်မသိ၊ အိမ်ရှေ့လှေကားထစ်များကိုပါ ရိုက်ဖျက်ဆီးတော့သည်။

"ဟေ့ ကလေးမတွေ ရေယူခဲ့။ မီးသတ်စက်ယူခဲ့၊ မြန်မြန်လုပ်စမ်း" ဟု အော်ပြောသည်။

အရက်ဆိုင်ထဲမှ လူတွေက မီးသတ်စက်ကိုတွန်းလာကြသည်။ သူတို့အားလုံးမှာ မူးနေသဖြင့် ဒယိမ်းဒယိုင်နှင့် လဲကွဲနေကြသည်။ သူတို့မျက်လုံးများထဲတွင်မျှော်လင့်ချက်ကင်းမဲ့နေသည့်အရိပ်အယောင်များနှင့် မျက်ရည်စများတွဲခိုနေကြသည်။

"ဟဲ့ ကောင်မလေးတွေ ... ရေယူခဲ့ပါဆို။ ပြေးခဲ့ ပြေးခဲ့" အသက်ကြီးကြီးနှင့် မူးနေသည့် လူတစ်ယောက်က လှမ်းအော်ပြောသည်။

ရွာထဲမှ အမျိုးသမီးများနှင့် မိန်းမပျိုကလေးများက ချောင်းထဲသို့သွားပြီး ပုံးခွက်များဖြင့် အပြေးအလွှား ရေသယ်ပေးကြသည်။ ပါလာသည့်ရေများကို မီးသတ်စက်ထဲသို့ လောင်းထည့်သည်။အိုလဂါ၊ မာရီယာ၊ ဆာရှာနှင့် မိုတကာတို့လည်း ရေများသယ်ခပ်ပေးကြသည်။ အမျိုးသမီးကြီးများနှင့် ကလေးငယ်များက ရေကို မီးသတ်စက်

http://www.cherrythitsar.org



အတွင်းသို့ လောင်းထည့်ပေးကြသည်။ ရေပိုက်လုံးဝက တရှဲရှဲ အသံထွက်လာသည်။ သူကြီးက တဲတံခါးကို ညွှန်ပြလိုက်၊ ပြတင်းပေါက်ကို ညွှန်ပြလိုက် လုပ်နေသည်။ ရေပန်းပေါက်ကို လက်ညှိုးနှင့် ညှစ်လိုက်သောအခါ တရှဲရှဲသံများ ပို၍မြည်လာသည်။

"အန်တစ်ကွ ... ကောင်းတယ်၊ ဆက်လုပ်ဗျို့" ဟု ဆက်လုပ်သြဘာပေးသံများ တစ်ခဲနက်ထွက်လာသည်။

သူကြီး အန်တစ်သည် မီးလောင်နေသည့် တဲအတွင်းသို့ ဝင် သွားကာ "တို့လူတွေ ဒီမီးကို အစွမ်းကုန် ငြိမ်းကြဟေ့ ..." ဟု အော်ပြောသည်။

အနားတွင် ရပ်နေကြသည့် ယောကျ်ားသားတစ်သိုက်သည် ဘာမျှဝင်မလုပ်ဘဲ မီးလောင်နေသည်ကို အကြောင်သား ငေးကြည့်နေကြသည်။ ဘာလုပ် ဘာကိုင်ရမည်မသိ ဖြစ်နေကြသည်။ ပတ်ပတ်လည်တွင်မူ မြက်ခြောက်ပုံများ၊ ပြောင်းပုံ၊ တဲကနဖျင်းပျက်များနှင့် ခြံနွယ်ခြောက်များ။ ကီရီယာ့ခ်နှင် အဘိုးကြီးအိုဆစ်တို့ သားအဖမှာမူ အမူးမပြေချင်သေးဘဲ လူအုပ်ထဲတွင် ရပ်နေကြသည်။ အဘိုးကြီးသည် သူအသုံးမကျသည်ကို ကာကွယ်သည့်သဘောဖြင့် မြေပေါ်တွင် ထိုင်နေကြသော အမျိုးသမီးများဘက်သို့ လှည့်ကာ ...

"ဘာမှမပူနေကြနဲ့။ တဲကတော့ ကိစ္စချောသွားပြီ။ အကြောင်းမထူးတော့ဘူး ..." ဟု လှမ်းပြောသည်။

အနားတွင် ရပ်ကြည့်နေသူများထဲမှ တစ်ယောက်အပါအဝင်ဖြစ်သူ ဆီမွန်က မီးစတင်လောင်ရသည့် အကြောင်းကိုရှင်းပြနေသည်။

"အဲဟိုက အထုပ်အပိုးနဲ့ အဘိုးကြီးပေါ့။ ဗိုလ်ချုပ်ကြီးဇူးကော့ရဲ့အမှုထမ်း။ ဗိုလ်ချုပ်ကြီးရဲ့ ထမင်းချက်ဆိုတာပေါ့။ မောင်မင်းကြီး

http://www.cherrythitsar.org



သား ကျန်းမာချမ်းသာပါစေဗျာ။ ဒီညနေခင်းက ရောက်လာတယ်။ အိမ်မှာတစ်ည တည်းခိုပါရစေဆိုတယ်။ ဒါနဲ့ လက်ဖက်ရည်ကြမ်းနဲ့ ညှော်ခံဖို့ အိမ်က အဘွားကြီးက ရေနွေးကြမ်းအိုးတည်တယ်။ မီးဖိုက အိမ်လမ်းကြားထဲမှာ ကံဆိုးချင်တော့ ခေါင်းတိုင်ကနေပြီး ခေါင်းမိုးကို မီးစွဲပါလေရော။ အိမ်ခေါင်မိုးက သက်ကယ်ဗျ။ ကျုပ်တို့တစ်အိမ်လုံး ကုန်ပါရောလား။ သူ့ဦးထုပ်လဲ မီးထဲပါသွားလေရဲ့ဗျာ ...” ဟု ပြောသည်။

မီးလုန့် သံချောင်းခေါက်သံက အဆက်မပြတ် မြည်ဟည်းနေသည်။ မြစ်တစ်ဖက်ကမ်းရှိ ဘုရားကျောင်းမှ ခေါင်းလောင်းသံက လည်း ထိုးခတ်နေဆဲပင်။ မီးရောင်အောက်တွင် မောပန်းနေသော အိုလဂါသည် မီးခိုးများထဲတွင် ပျံသန်းနေသော အနီရောင်ခိုများကို ကြည့်ပြီး ပြေးလိုက်ဆင်းလိုက်ဖြစ်နေသည်။ မီးလုန့်သံချောင်း ခေါက်သံများသည် သူ့အသည်းနှလုံးကို ဆူးချွန်မြမြနှင့် ထိုးသလို နာကျင်စေတော့သည်။ ဤမီးသည် ဘယ်တော့မျှ ငြိမ်းတော့မည့် မီးမဟုတ်။ ထာဝရတောက်လောင်နေမည့် မီးခြစ်သည်ဟု တွက်ဆ မိတော့သည်။ ရုတ်တရက် သမီးကလေးဆာရှာ ပျောက်နေသည်ကို သတိရမိလာသည်။တဲခေါင်မိုးပြိုကျသွားသလိုကြားလိုက်ရသောအခါ တစ်ရွာလုံး မီးထဲပါသွားသလို ခံစားမိကာ ရှိသမျှအင်အားတွေ ကုန်ဆုံးသွားတော့သည်။ အိုလဂါသည် ရေကို မသယ်နိုင်လောက် အောင်ပင်ဖြစ်သွားကာ ရေပုံးကိုဘေးချပြီး မြစ်ကမ်းစပ်တွင် ထိုင်ချ လိုက်သည်။ သူ့ဘေးနှင့် အောက်ဘက်ဆီတွင် မိန်းမတချို့ ထိုင်ငို နေကြသည်။

ထိုအချိန်မှာပင် မြစ်တစ်ဖက်ကမ်းနေ မြေရှင်အိမ်မှ အလုပ် သမားတစ်သိုက် လှည်းနှစ်စီးဖြင့် ရွာထဲသို့ ရောက်လာသည်။ သူတို့

http://www.cherrythitsar.org



နှင့်အတူ မီးသတ်စက်လည်း ပါလာသည်။ အပေါ်အင်္ကျီအဖြူကို ကြယ်စေ့ မတပ်ဘဲ ဝတ်လာသည် ကျောင်းသားလူငယ်တစ်ယောက် လည်း မြင်းစီး၍ ရောက်လာသည်။ အသက်က ခပ်ငယ်ငယ်။ မီး လောင်နေသည့် တဲများကို ပုဆိန်နှင့် ပေါက်၍ ဖျက်ဆီးတော့သည်။ လူငါးယောက်က လှေကားထောင်၍ တက်ကြသည်။ ကျောင်းသား လူငယ်က ခေါင်းဆောင်ဖြစ်သည်။ သူ့မျက်နှာမှာ နီရဲနေသည်။ မီး သတ်သည့်အလုပ်သည် သူလုပ်နေကျအလုပ် ဖြစ်လေရော့သလား မသိ။ အသံစူးစူးဝါးဝါးဖြင့် အော်ဟစ်ညွှန်ကြားနေသည်။ အိမ်ယက်မ များကို တစ်စစီ တစ်ခုပြီးတစ်ခု ဆွဲထုတ်ယူလာသည်။ နွားတင်းကုတ် များ၊ ခြံစည်းရိုးများနှင့် ကော်ရိုးပုံများကိုလည်း တစ်စစီ ဆွဲဖျက် သည်။

"အဲဒါတွေ မဖျက်စီးပစ်ပါနဲ့၊ မဖျက်စီးပါစေနဲ့" ဟု လူအုပ် ကြီးထဲမှ အသံတစ်သံက လှမ်းအော်သည်။

ကီရီယာ့ခ်သည် မီးသတ်နေသူများက ပစ္စည်းများကို ဖျက်ဆီး နေသည်ဟု ထင်မှတ်ကာ ဝင်တားရန် တဲအတွင်းသို့ အတင်းပြော ဝင်သည်။ မီးသတ်နေသူတစ်ယောက်က သူ့ကုတ်ပိုးကို လှမ်းဆွဲလိုက် သည်။ ရယ်သံများထွက်လာသည်။ ထိုလူက ကီရီယာ့ခ်ကို ထပ်ပြီး ဆောင့်ဆွဲလိုက်သောအခါ ကီရီယာ့ခ် လဲကျသွားသည်။ ကီရီယာ့ခ် သည် လူအုပ်ကြီးဆီသို့ လေးဖက်ထောက်၍ သွားလေသည်။

မြစ်တစ်ဖက်ကမ်းမှ မိန်းမချောချောလေးနှစ်ယောက် ထပ် ရောက်လာသည်။ ကျောင်းသား၏အစ်မများ ဖြစ်ပုံရသည်။ မိန်းမပျို လေးနှစ်ယောက်သည် မလှမ်းမကမ်းမှနေ၍ မီးလောင်နေသည်ကို

http://www.cherrythitsar.org



ရပ်ကြည့်နေကြသည်။ မီးတောက်များ တဖြည်းဖြည်းကျသွားကာ မီးခိုးငွေ့များသာ တလူလူကျန်ရစ်ခဲ့တော့သည်။

မီးသတ်ပိုက်ခေါင်းကို ကိုင်ထားသည့် ကျောင်းသားလူငယ်သည် အိမ်အဆောက်အအုံများပေါ်သို့ ရေနှင့်ပက်နေရာမှ ရွာသားများကို လှမ်းပက်သည်။ ထို့နောက် အမျိုးသမီးငယ်ကလေးများကို လှမ်းပက်နေသည်။

"ရျော့နော် ... ရျော့"

မိန်းမငယ်ကလေးများက စိတ်ဆိုးနေဟန်ဖြင့် သူ့ကို လှမ်းအော်သည်။

မီးကားငြိမ်းသွားပြီးဖြစ်သည်။အရုဏ်တက်ခါနီးအချိန်လောက်တွင် လူစုကွဲသွားကြတော့သည်။ နောက်ဆုံး ကြယ်ပွင့်ကလေးများ မိုးကောင်းကင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည့် နံနက်ခင်းလို လူအားလုံး၏မျက်နှာသည် ဖြူဖျော့ပြီး ညိုမှောင်လာသည်။ ရွာသားများသည် မီးလောင်မြေမှနွာကာ ကိုယ့်အိမ်ကိုယ့်ရာသို့ အသီးသီးပြန်သွားကြတော့သည်။ ဗိုလ်ချုပ်ကြီးဖူးကော့၏ ထမင်းချက်ကြီးနှင့် မီးထဲပါသွားသည့် သူ့ဦးထုပ်အကြောင်းကို ဟာသလုပ်၍ ပြောဆိုကာ ရယ်ပွဲဖွဲ့နေကြသည်။ မီးမြန်မြန်ငြိမ်းသွားသည်ကိုပင် စိတ်မကောင်းသလို ဖြစ်နေကြတော့သည်။

"အစ်မမောင်က မီးသတ်တာ သိပ်တော်တာပဲနော်၊ မော်စကိုကို သွားဖို့ကောင်းတယ်၊ အဲဒီမှာ မီးက နေ့တိုင်းလောင်တာ" ဟု အိုလဂါက ကျောင်းသားလူငယ်ကို ပြောလိုက်သည်။

"အစ်မက မော်စကိုကလား"

အမျိုးသမီးငယ်ငယ်က အိုလဂါကို မေးသည်။

http://www.cherrythitsar.org



"ဟုတ်တယ်၊ အစ်မခင်ပွန်းက ဆလာဗိုးနစ်ဘဇားဟိုတယ်မှာအလုပ်လုပ်ခဲ့တာ။ ဒါက အစ်မသမီးလေးလေ၊ မော်စကိုမှာ မွေးတာ" ဟု ချမ်းလှသဖြင့် သူ့ကိုဖက်ထားသော ဆာရှာ့ကို လက်ညှိုးထိုးပြရင်း အိုလဂါက ပြောလိုက်သည်။

အမျိုးသမီးငယ်နှစ်ယောက်သည် ကျောင်းသားလူငယ်ကို ပြင်သစ်ဘာသာစကားဖြင့် တစ်စုံတစ်ရာပြောဆိုလိုက်သည်။ လူငယ်က ဆာရှာ့ကို ပိုက်ဆံနှစ်ဆယ်ကိုပက် မုန့်ဖိုးထုတ်ပေးလိုက်သည်။ ဆာရှာ့ကို လူငယ်က မုန့်ဖိုးပေးသည်ကို အဘိုးဖြစ်သူက မြင်တွေ့လိုက်ရသောအခါ မျက်နှာတစ်ခုလုံး ဝင်းထိန်သွားသည်။ အဘိုးကြီးအိုဆစ်သည် ထိုကျောင်းသားလူငယ်ကို ...

"လေမတိုက်တာ ဘုရားမတာပဲ ဆရာလေးရေ...။ မဟုတ်ရင် တစ်ရွာလုံးကုန်မှာပဲ။ မနက်ခင်းက အေးလိုက်တာ၊ အရက်တစ်ပိုင်းနဲ့ နွေးလိုက်ရရင် ဘယ်လောက်ကောင်းလိုက်မလဲနော်" ဟု အရှက်မရှိ ပြောလိုက်သည်။

ကျောင်းသားလူငယ်က အဘိုးကြီးအိုဆစ်ကို ပိုက်ဆံထုတ်မပေး။ သက်ပြင်းတစ်ချက် ချလိုက်ကာ ပြန်ထွက်သွားတော့သည်။ အိုလဂါသည် မြစ်ကမ်းနဖူးပေါ်တွင် ရပ်ကာ မြစ်ကို ဖြတ်ကူးသွားသော လှည်းနှစ်စီးကို ငေးကြည့် ကျန်ရစ်ခဲ့လေသည်။ မိန်းမပျိုကလေးများက မြက်ခင်းပြင်ပေါ်တွင် ဖြတ်လျှောက်နေကြသည်။ လှည်းတစ်စီးက မြစ်တစ်ဖက်ကမ်းမှနေ၍ သူတို့ကို စောင့်နေသည်။ အိုလဂါသည် တဲအတွင်းသို့ ဝင်လာကာ ခင်ပွန်းဖြစ်သူကို အားတက်သရော ပြောလိုက်သည်။

"ဟိုဘက်ကမ်းက မီးလာသတ်တဲ့ လူတွေဟာ သိပ်

http://www.cherrythitsar.org



သဘောကောင်း မွန်ရည်ကြတာပဲ အစ်ကိုရယ် ...၊ ရုပ်ရည်တွေက လည်းသိပ်သားနားတာပဲ။ ကောင်မလေးတွေဆိုရင် နတ်သမီးလေး တွေ ကျနေတာပဲ ...”

“အရေး မပါ” ဟု အိပ်ချင်မူးတူးဖြစ်နေသော ဖက်ခလာက ဒေါသဖြစ်ဖြစ်နှင့် ပြောလိုက်သည်။

* * *

http://www.cherrythitsar.org



(၆)

မာရီယာကား စိတ်မချမ်းသာ။ သေချင်သည်ဟု မကြာခဏ ပြောလေ့ရှိသည်။ သို့သော်လည်း ဖက်ခလာအဖို့မူ ဘဝသည် ကျေနပ်နှစ်သက်စရာ။ ဖက်ခလာသည် ဆင်းရဲမွဲတေခြင်းကိုလည်း သဘောကျသည်။ ညစ်ပတ်ပေတေ နေရခြင်းကိုလည်း နှစ်သက်သည်။ ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းတွာ ပြောဆိုခြင်းကိုလည်း ခုံမင်သူဖြစ်သည်။ ဖက်ခလာသည် ကျွေးသမျှကို စားသည်။ပြဿနာအတွန့်မတက်။ ချေးမများ။ ကြုံရာနေရာမှာ ဖြစ်သလိုလည်း အိပ်နိုင်သူဖြစ်သည်။ ဖက်ခလာသည် လက်ဆေးရေအညစ်အကြေးများကိုခေါင်းရင်းဝရန်တာမှ သွန်ချတတ်သူဖြစ်သည်။ အိမ်ထဲသို့ ဆံပင်ဖိုးလျှိုးဖားလျားနှင့် ဝင်လာတတ်သူလည်းဖြစ်ပြီး လယ်တောတွင် ဖိနပ်မစီးဘဲ သွားလာနေတတ်သူလည်းဖြစ်သည်။ဖက်ခလာသည် သူတို့ဘဝကို မနှစ်

http://www.cherrythitsar.org



မြို့သော အိုလဂါနှင့် နီကိုလိုင်တို့ကို စတင်တွေ့သည့် နေ့မှစ၍ပင် မုန်းတီး နေခဲ့သည်။

"မော်စကို မြို့သူမြို့သားကြီးတွေ ဒီမှာ ဘယ်လိုစားသောက် ကြရမယ်ဆိုတာ ကြည့်ရသေးတာပေါ့ ..."ဟု မုန်းတီး ရန်လိုစိတ် ဖြင့် ပြောလေ့ရှိသည်။

စက်တင်ဘာ လဆန်းရက်၏ တစ်နံနက်ခင်း မာရီယာနှင့် အိုလဂါတို့နှစ်ယောက် စားပွဲတွင်ထိုင်ရင်း လက်ဖက်ရည်သောက်နေ ချိန်တွင် ရေပုံးနှစ်ပုံးနှင့်အတူ ဖက်ခလာ ရေခပ်ရာမှ ပြန်လာသည်။ ဖက်ခလာသည် မာရီယာနှင့် အိုလဂါကို"ဂုဏ်သရေရှိအမျိုးသမီးတွေ က လက်ဖက်ရည်အရှိုပွဲနဲ့ ဘာနဲ့ပေါ့လေ။မော်စကိုမြို့ကြီးမှာတော့ လက်ဖက်ရည် နေ့စဉ်သောက်တာက ဖက်ရှင်ပေါ့။ သိပ်ဟုတ်နေကြ တယ်ပေါ့ ဟုတ်လား"ဟု ခနဲ့ပြောသည်။ ထို့နောက် အိုလဂါ့ကို မုန်းတီးစက်ဆုပ်သည့်ပုံဖြင့် ကြည့်ကာ...

"မော်စကိုမှာ စားသောက်သလို အကျင့်ပါနေတာပေါ့လေ ဟုတ်စ"ဟု ပြောလေသည်။ဖက်ခလာသည် တံပိုးနှင့် အိုလဂါ၏ ပခုံးကို လှည့်ရိုက်လိုက်သည်။ အိုလဂါနှင့် မာရီယာတို့ နှစ်ယောက် သည် "ဘုရားရေ..." ဟုပြိုင်တူ တလိုက်ကြရသည်။

ထို့နောက် ဖက်ခလာသည် မြစ်ဆိပ်သို့သွားပြီး အဝတ်အစား များ လျှော်ဖွတ်သည်။ပါးစပ်ကလည်း ကျယ်ကျယ်လောင်လောင် နှင့်ကျိန်ဆဲနေသည်။သူ့ဆဲဆိုသံများကို တဲအတွင်းမှာပင် အတိုင်းသား ကြားနေရသည်။

နေ့ရက်များ ကုန်လွန်သွားခဲ့ကြသည်။ ညတာရှည်သည့် ဆောင်းဦးပေါက်ရာသီ၏ ညများ အစပျိုးလာခဲ့သည်။ တဲအတွင်းမှ

http://www.cherrythitsar.org



မိသားစုအားလုံး အန္တွေးထည်ကိုယ်စီဖြင့် ခြုံ၍နေကြရသည်။ဖက်ခလာကမှု မြစ်တစ်ဖက်ကမ်းသို့သွား၍အလုပ်လုပ်နေမြဲဖြစ်သည်။ အနီးနားရှိစက်ရုံသို့ပိုးထည်များ ပို့ပေး၍သူတို့မိသားစုအဖို့ လောလောဆယ် စားစရာ မဆိုစလောက်ရနေသည်။သီတင်းတစ်ပတ်လျှင်နှစ်ဆယ်ကိုပက်လောက်တော့ဝင်ငွေရနေသည်။

"မြေရှင်တွေလက်အောက်မှာ နေရတာကမှ ကောင်းသေးတယ်။ အလုပ်လုပ်၊အစာစား၊အိပ်၊သူ့အလှည့်နဲ့သူ။ညနေစာဆိုရင်ဂေါ်ဖီစွပ်ပြုတ်နဲ့ သတ်သတ်လွတ် ဂျုံဝက်အူချောင်းနဲ့၊ဟော...ညလယ်စာ စားတော့မယ်ဆိုရင်လည်း ဒီအတိုင်းပဲ။ သခွားသီးတို့၊ဂေါ်ဖီထုပ်တို့ဆိုရင် ကြိုက်သလောက်စားစမ်း။ လိုချင်သလောက်ရတယ်။ အစစအရာရာ တိကျတယ်။လူတိုင်းဟာ သူ့နေရာနဲ့သူ..." ဟုအဘိုးကြီးက အန္တွေးထည်ကိုခြုံရင်း ခေတ်ဟောင်းသီချင်းဓာတ်ပြားကြီးကို ပြန်ဖွင့်သည်။

တဲအတွင်းတွင် တစ်လုံးတည်းသာရှိသော မီးအိမ်မှာ အလင်းရောင်မှိန်မှိန်ဖြင့် လင်းနေပြီးမီးခိုးငွေများထွက်နေသည်။ တစ်ယောက်ယောက်က မတ်တပ် ထရပ်လိုက်သောအခါ ကြီးမားသည့် အရိပ်ကပြတင်းပေါက်ပေါ်သို့ ထိုးကျထင်လာသည်။ အဘိုးကြီးအိုဆစ်သည်ယခုခေတ်နှင့်မတူသော မြေကျွန်ဘဝကအဖြစ်သနစ်များကို စားမြုံ့ပြန်ပြောပြနေသည်။ ယနေ့ကာလတွင် နေရာတိုင်း၌ ဆင်းရဲမွဲတေနေသည်။ ဘဝသည် စိတ်ပျက်ငြီးငွေ့ဖွယ်ကောင်းလှသည်။ တစ်ချိန်တုန်းကဆိုလျှင် အမဲလိုက်ခွေးများဖြင့် တောလိုက်ပွဲများ လုပ်ခဲ့ကြသည်။ တောမှလူများကတောချောက်ပေးကြရသည်။တောချောက်ပေးသူများကို ဗော်ဒကာအရက်များ အမူးတိုက်လေ့ရှိသည်။ ပစ်ခတ်

http://www.cherrythitsar.org



ဖမ်းဆီးရသည့် တောကောင်များကို မော်စကိုမြို့တော်ရှိ ကြေးရတတ်သူဌေးများဆီသို့ ပို့ပေးကြရသည်။ဆိုးသွမ်းသည့် လယ်သမား၊ယာသမားများကို ရိုက်နက် အပြစ်ပေးလေ့ရှိသည်။ သို့တည်းမဟုတ် နယ်နှင်ဒဏ်များ ပေးခဲ့ကြပြီး ကောင်းသည့်လူများကိုဆုတော်ငွေများ ပေးကမ်း ချီးမြှင့်လေ့ရှိသည်ဟု ပြောပြသည်။အဘွားကလည်း သူ့ဘဝအတွေ့အကြုံများကို ပြန်ပြောင်းပြောပြသည်။ အဘွားသည် အားလုံးလောက်နီးပါးကို ကောင်းကောင်း အမှတ်ရနေသေးသည်။ အဘွားသည် သူ၏သခင်မအကြောင်းကို ပြန်ပြောပြတတ်သည်။ အဘွား၏ သခင်မသည် စိတ်သဘောမနောကောင်းပြီးဘာသာတရား ကိုင်းရှိုင်းသည်။သခင်မ၏ ခင်ပွန်းသည်မှာမူ အပျော်အပါးလွန်ကဲသူဖြစ်သည်။အိမ်ထောင်ရေးမှာ ပျော်ရွှင်ချမ်းမြေ့မှု မရှိခဲ့။သမီးမိန်းကလေးများ ထွန်းကားခဲ့ရာ သမီးတစ်ယောက်ကအရက်သမားနှင့်ရသွားသည်။ အခြားသမီးတစ်ယောက်က အရောင်းအဝယ်လုပ်သူကုန်သည်တစ်ယောက်နှင့် ရသွားပြီး တတိယသမီးက ခိုးရာလိုက်ပြေးသွားခဲ့သည်။သူတို့ခိုးပြေးတော့ ထိုစဉ်က ကလေးသာသာအရွယ်ရှိသေးသော အဘွားက အကူအညီပေးခဲ့ရသည်။သမီးများမှာလည်း အရွယ်ငယ်ငယ်ဖြင့် ရေ့ဆင့်နောင်ဆင့် တိမ်ပါးသွားခဲ့ကြသည်ဟု ဆိုသည်။ အဘွားသည် ထိုအကြောင်းများကို ပြန်ပြောရင်း မျက်ရည်များပင် ကျနေလေသည်။

ရုတ်တရက် တံခါးခေါက်သံကြား၍ သူတို့အားလုံး လန့်ဖျတ်သွားကြသည်။

"ဦးလေးအိုဆစ်၊ ကျွန်တော် ဒီညဒီမှာတည်းပါရစေ"

ခေါင်းပြောင်ပြောင်နှင့် လူတစ်ယောက် တဲအတွင်းသို့ ဝင်လာ

http://www.cherrythitsar.org



သည်။ ဗိုလ်ချုပ်ကြီးဗူးကော့၏ ထမင်းချက်ပင်ဖြစ်လေသည်။သူလည်း ဝင်ထိုင်ကာ ပြောစကားများကို နားထောင်သည်။ အဘွားက သူတို့ ငယ်ငယ်က အကြောင်းများကို ဆက်ပြောသည်။ နီကိုလိုင်က မီးဖို ကြီးပေါ်တွင်ထိုင်ကာ ခြေထောက်တစ်ဖက်ကို လွှဲယမ်းနေသည်။ နီကိုလိုင်သည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း တစ်ချိန်က အရှင်သခင်များကို မည်သည့်အစားအစာမျိုးတွေ ချက်ပြုတ်ပေးရ သနည်းဟု မေးသည်။ဟင်းလျာများက စုံသည်။သားငါးဟင်းမျိုးစုံ၊ အသားလုံးကြော်၊ ကတ်တလက်စွပ်ပြုတ်ဟင်းချိုများနှင့် ဝက်အူ ချောင်းများဖြစ်ကြောင်း ပြောပြသည်။ မှတ်ဉာဏ်ကောင်းလှပါသည့် ဆိုသောစားတော်ကဲတစ်ယောက်ပင် မမှတ်မိနိုင်သည့် ဟင်းအမည် များဖြစ်နေသည်။တချို့ဟင်းများဆိုလျှင် ယနေ့ခေတ်တွင် စားလေ့ မရှိတော့။ ဥပမာဆိုရလျှင် နွားမျက်စိဟင်းနှင့် မနက် မိုးလင်းအိပ်ရာ ထ စားသည့် ဟင်းများ ဖြစ်သည်။

“မာရှယ်ကကတ်တလက်ကိုရော လုပ်ပေးရသေးသလား”ဟု နီကိုလိုင်က မေးသည်။

“မလုပ်ကြဘူး”

“ဒါဖြင့် တော်တော်ညံ့တဲ့ စားတော်ကဲပဲ” ဟု နီကိုလိုင်က ခေါင်းကိုယမ်း၍ ပြောသည်။

ကလေးငယ်ကလေးများက မီးဖိုကြီးပေါ်တွင် ထိုင်သူထိုင်၊ တုံးလုံးလှဲသူလှဲဖြင့် လူကြီးများပြောနေသည်ကို မျက်တောင်မခတ် ကြည့်ပြီး နားထောင်နေကြသည်။ သူတို့သည် ပုံပြင်များကို ပြောလျှင် သဘောကျနှစ်သက်ကြသည်။ သက်ပြင်းချလိုက်၊ တုန်လှုပ်သွားလိုက်၊

http://www.cherrythitsar.org



ရယ်မောပျော်ရွှင်လိုက်၊ကြောက်ရွံ့ထိတ်လန့်လိုက်၊အသက်အောင့်လိုက်နှင့် အဘွားပြောသမျှကို စိတ်ဝင်တစား နားထောင်လေ့ရှိသည်။

ရှေးဟောင်းနှောင်းဖြစ် စကားများကို ပြောဆိုပြီးစီးသွားသော အခါ အားလုံးတိတ်ဆိတ်သွားပြီး အိပ်ရာဝင်သွားကြတော့သည်။ လူကြီးပိုင်းသည်စိတ်လှုပ်ရှား၍ နေကြသည်။ ရှေးခေတ်ကပျော်စရာ၊ စိတ်ချမ်းမြေ့စရာအဖြစ်များက မှုန်ဝါး ပျောက်ကွယ်သွားခဲ့ပြီ ဆိုသည်ကိုတွေးမိကာ ရင်ထဲ မချမ်းမမြေ့ဖြစ်သွားကြသည်။ အေးလိုက်သည်မှာလည်း သေလုမတတ်ပင်။ အတွေးတော့တာပဲ ကောင်းပါတယ် ဟုဆိုကာ မီးကို ငြိမ်းလိုက်တော့သည်။ အမှောင်ထုက လွှမ်းမိုးလာသည်။ ပြတင်းပေါက်ကလေးနှစ်ခုတွင် လရောင်ထိုးကျနေသည်။ တဲထဲတွင် တိတ်ဆိတ်နေသည်။ပုခက်လွဲသံ တကျွိကျွိကို ကြားရသည်။ အတိတ်သည် ကုန်ဆုံးသွားခဲ့ပြီ ဖြစ်သည်။ ဘယ်တော့မျှ ပြန်မလာနိုင်တော့။ မေးကနဲဖြစ်သွားပြီး ကိုယ့်ကိုယ်ကိုပင် မေ့သွားကြသည်။ တစ်ယောက်နှင့် တစ်ယောက် ပခုံးချင်း တိုက်မိသွားကြသည်။ ပါးချင်း အပ်မိသွားကြသည်။ အိပ်ပျော်သွားခြင်းတော့ မဟုတ်။ ခန္ဓာကိုယ်များ ထုံထိုင်းသွားကြခြင်း ဖြစ်သည်။ အတွေးထဲတွင် သေခြင်းတရားမှ လွဲ၍အခြားဘာမျှမရှိတော့။ သေခြင်းတရားကို မေ့ပျောက်လိုက်သည့်အခါ ခေါင်းထဲသို့ အခြားစိတ်ဆင်းရဲပင်ပန်းစရာ အတွေးများ ပလုံစီဝင်လာသည်။ မရှိဆင်းရဲသည့် အတွေးတွေ၊ စားရေးသောက်ရေး အတွေးတွေနှင့် တရိပ်ရိပ်တက်လာသည့် ပေါင်မုန့်ဈေးနှုန်းတွေ...။ ဘဝသည် ကုန်ဆုံးသွားခဲ့ပြီ။ ပြန်မလာနိုင်တော့ ဟု သတိရမိ လိုက်ကြတော့သည်။

"ဘုရား...ဘုရား" ဟုမြည်တမ်းရင်း နီကိုလိုင်က သက်ပြင်းချလိုက်မိသည်။

http://www.cherrythitsar.org



ပြတင်းပေါက်ကို အပြင်မှ တစ်ယောက်ယောက်က တိုးတိုးကလေးခေါက်နေသည်။ ဖက်ခလော ပြန်လာတာဖြစ်မည်။အိုလဂါက တစ်ချက်သမ်းဝေလိုက်ပြီး ဘုရားစာရွတ်ရင်း တံခါးကို ထဖွင့်သည်။ အိမ်ရှေ့တံခါး မင်းတုန်းကိုမ,ဖွင့်ပေးလိုက်သည်။သို့သော် မည်သူမျှ အထဲကို ဝင်မလာ။ လမ်းပေါ်မှ လေအေးဝင်လာပြီး လရောင်က တဲထဲသို့ တိုးဝင်လာသည်။ အိုလဂါသည် တံခါးပေါက်မှနေ၍ လမ်းမဘက်သို့ လှမ်းမျှော်ကြည့်သည်။လမ်းမသည်တိတ်ဆိတ်ငြိမ်သက်နေပြီးလူသူကင်းမဲ့နေသည်။ လသည်ကောင်းကင်တွင် ထိန်ထိန်သာ၍နေသည်။

"ဘယ်သူလဲ"

အိုလဂါက မေးလိုက်သည်။

"ကျွန်မ၊ ကျွန်မပါ" ဟု အသံထွက်လာသည်။

ဖက်ခလောသည် တံခါးပေါက်အနီးတွင် နံရံနှင့်ကပ်၍ ရပ်နေသည်။ သူ့ကိုယ်မှာ မိမွေးဖမွေးတိုင်း ဗလာကျင်း၍နေသည်။အဝတ်အစား မပါလာ။ ဖက်ခလောသည် အေးလွန်းသဖြင့် ခိုက်ခိုက်တုန်ကာ မေးတဆတ်ဆတ်ရိုက်နေသည်။လရောင်ဖွေးဖွေးအောက်တွင် ဖက်ခလောကိုယ်မှာ ဖြူဝင်းချောမွေ့နေသည်။ သူ့ခန္ဓာကိုယ်ပေါ်သို့ အရိပ်နှင့် လရောင်များ ထိုးကျနေသည်။ နက်မှောင်နေသော မျက်ခုံးအစုံနှင့် သေးငယ်ကျစ်လျစ်သော ရင်သားအစုံသည် အထင်းသား ပေါ်လွင်၍ နေသည်။

"ဟိုဘက်ကမ်းက အရိုင်းအစိုင်းကောင်တွေက ကျွန်မကို အဝတ်အစား ဝိုင်းချွတ်ယူလိုက်ကြလို့ ဒီအတိုင်း ကိုယ်တုံးလုံး ပြန်လာခဲ့ရတယ်။ ကျွန်မကို အဝတ်အစားပေးပါဦး"

http://www.cherrythitsar.org



ဖက်ခလာက အိုလဂါကို ပြောပြသည်။

"အိမ်ထဲဝင် အိမ်ထဲဝင်"ဟု အိုလဂါက လေသံတိုးတိုးပြော သည်။ အိုလဂါမှာ ချမ်းသဖြင့် တုန်ရင်၍ နေသည်။

"လူကြီးတွေ မြင်ကုန်တော့မှာပဲ"

အဘွားမှာ ဂနာမငြိမ်ဖြစ်နေဆဲ ပါးစပ်ကလည်း ပေါက်ပေါက် ဖောက်သလို မြည်တွန်တောက်တီးနေဆဲ ဖြစ်သည်။ အဘိုးကြီးက "ဘယ်သူလဲ"ဟု လှမ်းပေးသည်။

အိုလဂါသည် သူ့စကပ်နှင့်ဘလောက်အင်္ကျီကို ဖက်ခလာ အား ယူပေးလိုက်သည်။အိုလဂါနှင့်ဖက်ခလာသည် တံခါးအနီးသို့ အသံမမြည်အောင်သွားပြီး တဲအတွင်းသို့ ဝင်သွားကြတော့သည်။

"သြော် ညည်းကို။ အရှက်မရှိတဲ့ ကမြင်းမ၊ ညစ္စုတ်မ။ တစ်ယောက်ယောက်က လည်ပင်းညှစ်သတ်လိုက်ဖို့ ကောင်းတယ်" ဟု အဘွားက ထပွက်တော့သည်။

"ဘယ်လိုမှ မအောက်မေ့နဲ့ ဖက်ခလာ၊ မအောက်မေ့နဲ့"ဟု အိုလဂါက ဖက်ခလာကို ဖက်ပြီး တိုးတိုးသဲ့သဲ့ပြောသည်။

တဲတစ်လုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။သို့သော်လည်း မည်သူမျှအိပ်၍မပျော်။ အားလုံးနိုးနေကြသည်။ အားလုံးသည် ဒုက္ခကိုယ်စီဖြင့် ရှိနေကြသည်။အဘိုးကြီးက ခါးနာ၍အိပ်မရဖြစ် နေသည်။ မာရီယာက ကြောက်လန့်စိတ်ဖြင့် အိပ်မရဖြစ်နေသည်။ ကလေးငယ်များက ယားယံပြီး ဆာလောင် မွတ်သိပ်စိတ်ဖြင့် အိပ် မရဖြစ်နေကြသည်။သူတို့အားလုံးသည် ဟိုဖက်စောင်းလိုက်၊ဒီဖက် စောင်းလိုက်၊ ပါးစပ်က ညည်းညူလိုက်၊ ရေထသောက်လိုက် ဖြစ် နေကြသည်။

http://www.cherrythitsar.org



ဖက်ခလာသည် ရုတ်တရက် အသံစူးစူးဝါးဝါးဖြင့် ထအော်လိုက်ပြီး သူ့စိတ်ကို သူချုပ်တီးလိုက်သည်။ရှိုက်သံများ တစ်ချက်တစ်ချက်ပေါ်လာပြီး နောက်ဆုံးငြိမ်သက်သွားသည်။ မြစ်တစ်ဖက်ကမ်းရှိ ဘုရားကျောင်းဆီမှ နာရီထိုးသံများကို ကြားနေရသည်။

နာရီထိုးသံက ခပ်ဆန်းဆန်း။ ပထမ ငါးနာရီ။ ထို့နောက် သုံးနာရီ...။

"ဘုရား ....ဘုရား ...."

နီကိုလိုင် သက်ပြင်းတစ်ချက် ချလိုက်သည်။

ပြတင်းပေါက်မှနေ၍ ကြည့်လိုက်သောအခါ လသာနေသေးသလား၊မနက်မိုးလင်းပြီလား ဆိုသည်ကို ဝေခွဲရခက် ဖြစ်နေသည်။ မာရီယာသည် အိပ်ရာမှ အသာလူးလဲထကာ အပြင်သို့ ထွက်သွားသည်။ ခြံဝင်းထဲဆီမှ "ငြိမ်ငြိမ်နေ"၊ "ငြိမ်ငြိမ်နေ"ဟူသော အသံနှင့်အတူ မာရီယာ နို့ညှစ်နေသံကို ကြားရသည်။ အဘွားကလည်း တဲအပြင်သို့ထွက်သွားသည်။တဲအတွင်းတွင် မှောင်နေသေးသော်လည်း အားလုံးကို သဲသဲကွဲကွဲ မြင်နေရသည်။

တစ်ညလုံး တစ်မှေးမျှ မအိပ်ခဲ့ရသော နီကိုလိုင်သည် မီးဖိုကြီးပေါ်မှ အောက်သို့ဆင်းလာခဲ့သည်။ အစိမ်းရောင်သေတ္တာထဲမှ သူ့ကုတ်အင်္ကျီကို ထုတ်ယူပြီးဝတ်လိုက်သည်။ထို့နောက် ပြတင်းပေါက်အနီးသို့သွားကာ အတွန့်အကြေများကို ဆန့်ရင်းပြုးလိုက်သည်။ ထို့နောက် ကုတ်အင်္ကျီကို ချွတ်ပြီး သေတ္တာထဲသို့ ပြန်ထည့်ကာ လှဲနေလိုက်တော့သည်။

မာရီယာ ခြံဝင်းထဲမှ ပြန်လာပြီး မီးမွှေးသည်။ မာရီယာ့ပုံမှာ အိပ်ချင်မပြေသေးသည့်ပုံ ပေါက်နေသည်။ အိပ်မက်နေပုံရသည်။

http://www.cherrythitsar.org



သည်လိုမှမဟုတ်လျှင်တော့ ညကပြောသည့်အကြောင်းတွေကို ပြန်စဉ်းစားနေခြင်းဖြစ်မည်။ မာရီယာသည် မီးဖိုရှေ့တွင် ခြေလက်အစုံကို ဆန့်တန်းလိုက်ကာ...

"သေသွားတာပဲ ကောင်းပါတယ်" ဟု ပြောလိုက်လေသည်။

* * *

http://www.cherrythitsar.org



(၇)

တောမှ လူတွေက“ဂုဏ်သရေရှိ လူကြီးမင်း”ဟု ခေါ်ဝေါ်ခံရသည့် ရဲအရာရှိ ရွာသို့ရောက်လာသည်။ရဲအရာရှိ လာမည့်အချိန်နှင့် အဘယ်ကြောင့် လာမည် ဆိုသည်ကို ရွာသားတွေက သီတင်းတစ်ပတ်လောက်ကပင် ကြိုတင်သိနေကြသည်။ ဇူကိုဗိုရွာမှာ အိမ်ခြေလေးဆယ်လောက်သာရှိသည်။သို့သော်လည်း နိုင်ငံတော် အခွန်ဌာနသို့ ပေးဆောင်ရန် ငွေက ရူဘယ်နှစ်ထောင်ကျော်ရှိနေသည်။

ရဲအရာရှိသည် တဲအိမ်ကလေးတစ်ခုတွင်တည်းကာ လက်ဖက်ရည်ကြမ်းတစ်ခွက် နှစ်ခွက်သောက်ပြီး ရွာသူကြီးအိမ်သို့ ထွက်လာခဲ့သည်။ သူကြီးအိမ်ရှေ့တွင် ရွာသားများစုဝေးရောက်ရှိနေကြ သည်။ ရွာသူကြီး အန်တစ်ဆီဒယ်နီကော့သည် လူငယ်။ အသက်သုံးဆယ်ကျော်လောက်သာ ရှိသေးသော်လည်း အလွန်တင်းမာသူဖြစ်သည်။

http://www.cherrythitsar.org



သူကိုယ်တိုင်က ဆင်းရဲပြီးအခွန်တော်ငွေကို မှန်မှန်မပေးဆောင် သော်လည်း အကြောင်းကိစ္စ ပေါ်ပေါက်လာလျှင်တော့ အာဏာပိုင် များဘက်မှ လိုက်တတ်သူဖြစ်သည်။ သူကြီးဖြစ်ရသည်ကို အတော် ကျေနပ်နေသူ။အာဏာ၏အရသာကိုလည်းသူ ခံတွင်းတွေ့နေသည်။ တင်းတင်းကျပ်ကျပ် လုပ်သည့်နည်းမှလွဲ၍ အခြားနည်းဖြင့်လည်း မကိုင်တွယ် မကျင့်သုံးတတ်။အစည်းအဝေးများတွင် သူ့ကို အမြဲ ကြောက်ရပြီး ခေါင်းညိတ်နာခံပေးရသည်။ လမ်းမပေါ်တွင် အရက် မူးသမားများကိုတွေ့လျှင် ခေါ်ထောင်းတတ်သူဖြစ်သည်။ တစ်ခါ တစ်ခါ လက်ပြန် ကြိုးတုပ်ပြီး အချုပ်ခန်းထဲသို့ ပို့ပို့ပေးတတ်သေး သည်။ တစ်ခါက နီကိုလိုင်တို့အမေ အဘွားကြီးကိုပင် ယောက်ျား ကိုယ်စား အစည်းအဝေးလာတက်ရပါမည်လားဟု ဆိုကာ အချုပ် ထဲတွင် နှစ်ဆယ့်လေးနာရီကြာ ထည့်ထားခဲ့ဖူးသည်။ အဘွားကြီး ကလည်း သူ့ကို တစ်ရှိန်လုံး အော်ဆဲနေတော့သည်။ သူကြီး အန်တစ်သည် မြို့မှာ မနေဖူး။ စာလည်း မဖတ်တတ်။ သို့သော် ပညာရှိ ဆိုရိုးစကားများကိုအခြားတစ်နေရာရာမှဖြစ်ဖြစ်၊ တစ်ယောက် ယောက်ဆီမှဖြစ်ဖြစ် ဆည်းပူးလေ့လာထားပြီး စကားပြောလျှင် လူလေးစား အထင်ကြီးအောင် ထည့်သုံးပြောလေ့ရှိသည်။ သို့သော် လည်း သူပြောသည့်စကားများကို သူ ကောင်းကောင်းနားမလည်။

အဘိုးကြီးအိုဆစ် အခွန်စာအုပ်နှင့်အတူ သူကြီးအိမ်ထဲသို့ဝင် လာသောအခါ ပိန်ပိန် အသက်ကြီးကြီး ပါးမုန်းမွေးဖြူဖြူများနှင့် မီးခိုးရောင်ကုတ်အင်္ကျီကို ဝတ်ဆင်ထားသော ရဲအရာရှိသည် တံခါး အနီးမှ စားပွဲတစ်လုံးတွင်ထိုင်ကာ စာရင်းများ ရေးမှတ်ပြန်သည်။ အိမ်တစ်အိမ်လုံးမှာ အမှိုက်သရိုက် မရှိဘဲ သန့်ရှင်းနေသည်။ နံရံ

http://www.cherrythitsar.org



တွင် မဂ္ဂဇင်းစာအုပ်များထဲမှ ဖြတ်ထားသောရုပ်ပုံများ အလှကပ်ထားသည်။ ဆင်းတုတော်အနီး ပတ်ဝန်းကျင်တွင် ယခင် ဘူလ်ဂေးရီးယားမင်းသားကြီး အလက်ဇန္ဒားဘက်တင်ဘတ်ဂ်၏ ရုပ်ပုံကြီးကို ချိတ်ဆွဲထားသည်။ သူကြီးအန်တစ်သည် စားပွဲအနီးတွင် လက်ပိုက်၍ မတ်မတ်ရပ်နေသည်။

အဘိုးကြီး အိုဆစ်အလှည့် ရောက်သောအခါ သူကြီးအန်တစ်က ရဲအရာရှိကို...

"ဆရာ...သူက ရှဘယ် တစ်ရာ့ကိုးဆယ် ပေးဆောင်စရာကျန်ပါသေးတယ်။ဒီစတာပွဲတော်ရက် မတိုင်မီကဘဲ ပေးဆောင်ခဲ့ပြီးအဲဒီနောက်တော့ တစ်ပြားမှ မဆောင်ရသေးပါဘူး"ဟု တင်ပြလေသည်။

ရဲအရာရှိသည် အဘိုးကြီး အိုဆစ်ကို မျက်လုံးတစ်ချက်ဝင့်ကြည့်လိုက်ပြီး ...

"ခင်ဗျားက ဘာပြုလို့ မပေးဆောင်တာလဲ"ဟုမေးသည်။

"ကျွန်တော်တို့ကို သနားပါဆရာရယ်...။ ကျွန်တော် နည်းနည်းရှင်းပြပါရစေခင်ဗျာ...။ပြီးခဲ့တဲ့ နွေရာသီတုန်းက လျူတိုးရက်ဆ်မြို့က ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်က ခင်ဗျားကောက်ရိုးတွေ ကျုပ်ကိုရောင်းပါလို့ ပြောပါတယ်...။ ကောက်ရိုးထုံးတစ်တန်ခွဲလောက် ကျွန်တော့်မှာရှိခဲ့ပါတယ်။ ကျွန်တော်လည်း သဘောတူလိုက်ရပါတယ်။အားလုံးချောချောမောမော အဆင်ပြေပြေပါပဲ"

အဘိုးကြီးအိုစစ်သည် ရွာသူကြီးကို အပြစ်တင်ပြောဆိုသည်။ တစ်ခါတစ်ရံ ရွာသားများကို သက်သေဆွဲထည့်သည်။ အဘိုးကြီး

http://www.cherrythitsar.org



အိုဆစ်၏မျက်နှာသည် နီရဲနေပြီး ချွေးသီးချွေးပေါက်များပင် စို့လာသည်။ မျက်လုံးများမှလည်း ဝင်းဝင်းတောက်ဖြစ်လာကာ မုန်တီးစိတ်များ ပေါ်လွင်၍နေသည်။

"ခင်ဗျား ဘာပြုလို့ ဒါတွေကို ပြောနေရတာလဲ။ ကျုပ်က ခင်ဗျားကို မေးနေတာက ခင်ဗျားဘာပြုလို့ ငွေကျန်တွေကို မပေးတာလဲလို့မေးနေတာ။ ခင်ဗျားတို့အားလုံး ကျန်ငွေတွေ မပေးကြဘူး။ ခင်ဗျားတို့ကိုယ်စား ကျုပ်ကပဲ ပြန်ဖြေရဦးမှာလား"

"ကျွန်တော်တို့မှာ ပေးစရာ မရှိပါဘူး"

"ဒီအဖြေကတော့ သိပ်မဆီလျော်လှပါဘူး ဆရာ..." ဟု သူကြီးက ဝင်ပြောသည်။

"တကယ်တမ်းပြောရရင်တော့ သူတို့မိသားစုဟာ ဆင်းရဲနွမ်းပါးကြပါတယ်။မေးကြည့်ပါ။အဓိကအကြောင်းရင်းကတော့ အရက်ပါပဲ။ သူတို့အားလုံးဟာ အပျော်အပါး အသောက်အစားမက်ကြပါတယ်။ အသိဉာဏ်ဆိုလို့လည်း ဘာတစ်ခုမှ မရှိပါဘူး"

ရဲအရာရှိသည် စာရေးမှတ်ယူနေသည်။ပြီးမှ အဘိုးကြီးအိုဆစ်ကို ရေတစ်ခွက်တောင်းသလို အေးဆေးသည့်အသံဖြင့် "ထွက်သွား" ဟု ပြောလိုက်သည်။

ရဲအရာရှိလည်း မကြာခင် ရွာထဲမှ လှည်းဖြင့် ထွက်ခွာသွားတော့သည်။ ရွာမှအပြန် လမ်းတစ်လျှောက်တွင် ချောင်းကတဟွတ်ဟတွတ်။ ရဲအရာရှိသည် အဖိုးကြီးအိုဆစ်၊ သူကြီးအန်တစ်နှင့် ဇူကိုဗိုရွာမှ အခွန်တော်ငွေ ပြဿနာများကို မေ့သွားကာ သူ့ကိုယ်ရေးကိုယ်တာများကို စဉ်းစား၍ နေမိတော့သည်။ ရဲအရာရှိ ထွက်သွား၍မှမကြာသေး။ သူကြီးအန်တစ်က အဘိုးကြီးအိုဆစ်တို့အိမ်မှ ကြေးနီ

http://www.cherrythitsar.org



ရေနွေးကရားကြီးကို သိမ်းယူသွားသည်။ အဘွားကြီးက သူကြီး အန်တက်နောက်မှ လိုက်၍ အသံကုန်အော်ဟစ်သည်။

"မပေးဘူး၊ ယူမသွားနဲ့၊ ဟဲ့ သေနာရဲ့"

သူကြီးက ရှေ့မှ ခြေလှမ်းကျဲကျဲဖြင့် အတွင်လျှောက်သည်။ အဘွားက နောက်မှ ဖုတ်လှိုက်ဖုတ်လှိုက်ဖြင့် အမောတကြီးလိုက်သည်။ ခါးတကုန်းကုန်းနှင့် ဒေါသတကြီးလိုက်နေသည်။ ခေါင်းပေါ်မှ လက်ကိုင်ပဝါက ပခုံးပေါ်သို့ လျောကျသွားသည်။ဆံပင်ဖွေးဖွေးဖြူဖြူများက လေတွင် တလွင့်လွင့်ပျံဝဲနေသည်။ နောက်ဆုံးတွင် အဘွားသည် လိုက်နေရာမှ ရက်လိုက်ပြီး သူ့ရင်ဘက်ကို လက်သီးဖြင့်ထုကာ အော်ငိုသလိုမျိုး အသံကျယ်ကျယ်လောင်လောင်ဖြင့် အော်ပြောနေတော့သည်။

"ဘုရားသခင်ကို သက်ဝင်ယုံကြည်တဲ့ ခရစ်ယာန်ဘာသာဝင် မိတ်ဆွေများရေ ... ဟောဒီမှာ ကျုပ်တို့ကို မတရား အနိုင်အထက်လုပ်နေကြပါပြီ တော်ရေ ... ကျုပ်တို့ကို မကယ်ကြတော့ဘူးလား"

"အဘွား ... အဘွား ... သတိထားဗျာ" ဟု သူကြီးက အသံ မာမာနှင့် ပြောသည်။

ကြေးရေနွေးကရားကြီး မရှိတော့သဖြင့် သူတို့အိမ်သည် ခြောက်ကပ်သွားသည်။ ဂုဏ်ကျက်သရေ ကင်းမဲ့သွားသလိုလည်း ဖြစ်သွားသည်။ သူကြီးအန်တစ်သည် စားပွဲခုံရှည်များနှင့် ထမင်းဟင်းအိုးခွက်များအားလုံးကို သိမ်းယူသွားသည်ကမှ တော်လိမ့်ဦးမည်။ ထိုအရာများ မရှိရုံဖြင့် သူတို့အိမ်သည် ဤမျှ ဟာလာဟင်းလင်းဖြစ်သွားမည် မဟုတ်။ အဘွားက တအော်တည်း အော်နေသည်။ မာရီယာက တရှုံ့ရှုံ့ငိုသည်။ မာရီယာငိုနေသည်ကို မြင်ရသောအခါ ကလေး

http://www.cherrythitsar.org



ငယ်များကလည်း ရောငိုတော့သည်။ အဘိုးကြီး အိုဆစ်မှာ သူ့တွင် အပြစ်မကင်းသလို ခံစားနေရသည်။ ထောင့်တစ်ထောင့်တွင် ငှငူကြီး ထိုင်ကာ စကားမပြောဘဲနေသည်။ နီကိုလိုင်ကလည်း စကားမဆိုဘဲ ငြိမ်နေသည်။ အဘွားကြီးသည် နီကိုလိုင်ကို ချစ်လည်းချစ်သည်။ သနားလည်း သနားသည်။ သို့သော်လည်း ယခုတော့ သနားသည့် စိတ်များ ပျောက်ကွယ်သွားကာ သူ့ကိုအပြစ်တင် မာန်မဲလေတော့ သည်။ နီကိုလိုင်၏ နှာခေါင်းကို လက်သီးနှင့် ထထိုးသည်။ ဤသို့ ဖြစ်ရခြင်းသည် နီကိုလိုင်ကြောင့် ဖြစ်ရခြင်းဖြစ်သည်။ မော်စကိုတွင် တစ်လလျှင် ရှူဘယ်ငါးဆယ် ရသည်ဟု စာထဲတွင် ထည့်ကြွားပြီး အဘယ်ကြောင့် တောကို ပြန်လာရသနည်း။ မိသားစုကို အဘယ့် ကြောင့် ခေါ်လာရသနည်း။ သူ သည်မှာသေလျှင် ဘယ်ကငွေနှင့် သင်္ဂြိုဟ်ရမည်နည်း။ နီကိုလိုင်၊ အိုလဂါ နှင့် ဆာရှာတို့ကို ကြည့်လိုက် ပြန်တော့လည်း သနားကြေကွဲစရာ ... ။

အဘိုးကြီးသည် သက်ပြင်းတစ်ချက် ဟင်းခနဲချကာ ဦးထုပ် ဆောင်း၍ သူကြီးအိမ်သို့ ထွက်လာခဲ့တော့သည်။ အချိန်က မှောင်နေ ပြီးဖြစ်သည်။ သူကြီးအန်တစ်သည် မီးဖိုအနီးတွင် ပစ္စည်းတစ်ခုကို ဂဟေဆက်နေသည်။ ပါးစပ်ကလည်း တဖူးဖူးဖြင့် မှုတ်နေသည်။ မီးလောင်ညှော်နံ့လည်း နံနေသည်။ သူ့ကလေးများမှာ အရိုးပေါ်အရေ တင်။ ရေလည်းမချိုး။ အခြေအနေက အဘိုးကြီး အိုဆစ်တို့ မိသားစုနှင့် ပိန်မသာ လိန်မသာ။ ကလေးများမှာ ကြမ်းပြင်ပေါ်တွင် ဆော့ကစားနေကြသည်။ အကျည်းတန် အရုပ်ဆိုးပြီး ညစ်ပေနေသော သူ့ဇနီးသည် မိုင်းငင်၍နေသည်။ သူတို့မိသားစုမှာ အလွန်တရာ ဆင်းရဲ စုတ်ပြတ်နေသည့် မိသားစုဖြစ်သည်။ သူကြီးအန်တစ်

http://www.cherrythitsar.org



တစ်ယောက်သာ နပြီး ကြည့်ကောင်း ရှုကောင်းသည့်အသွင် ရှိနေသည်။ ရွာထဲမှ သိမ်းယူလာသည့် ကြေးရေနွေးကရားကြီး ငါးလုံးသည် ခုံရှည်တစ်လုံးပေါ်တွင် အစီအရီရှိနေကြသည်။ အဘိုးကြီးအိုဆစ်သည် ဘက်တင်ဘာ့ဂ် မင်းသားကြီး၏ ရုပ်ပုံကြီးရှေ့တွင် လက်ဝါးကပ်သတ္တာန် လက်နှစ်ဖက်ကိုယှက်ကာ သူကြီးကို ပြောလိုက်သည်။

"အန်တစ်၊ တို့ကိုသနားရင် ကြေးရေနွေးကရားအိုးကြီးကို ပြန်ပေးပါကွာ"

"သုံးရှူဘယ် ယူခဲ့လေဗျာ။ ပါလာရင် ပြန်ယူသွား"

"ငါ့မှာ မရှိလို့ပေါ့ကွာ"

သူကြီးအန်တစ်သည် တဖူးဖူးမှုတ်နေပြန်သည်။ မီးက တရဲရဲမြည်လာသည်။ ကြေးရေနွေးကရားကြီးများမှာ မီးရောင်ကြောင့် ပြောင်လက်နေသည်။ အဘိုးကြီးအိုဆစ်သည် ဆောင်းလာသည့် ဦးထုပ်ကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် လိမ်ကိုင်နေရင်းက ခဏအကြာ စဉ်းစားနေပြီး သူကြီးကို ပြောပြန်သည်။

"ကရားကြီးကို ပြန်ပေးပါကွာ"

နဂိုက အသားမည်းနေသော လူကြီး၏မျက်နှာသည် မည်းသည်ထက် မည်းလာကာ ကဝေဆရာရုပ် ပေါက်လာသည်။ အဘိုးကြီးအိုဆစ်ဘက်သို့လှည့်ကာ ခက်ထန်သည့်လေသံဖြင့် "ဒီကိစ္စတွေအားလုံး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌရဲ့ အပေါ်မှာ မူတည်နေတယ်။ ဒီလ (၂၆) ရက်နေ့မှာ အုပ်ချုပ်ရေးအဖွဲ့ရဲ့ အစည်းအဝေးရှိတယ်။ ခင်ဗျား မကျေနပ်တာရှိရင် အဲဒီမှာ ကိုယ်တိုင်နှုတ်နဲ့လည်း ပြောနိုင်တယ်။ စာနဲ့လည်း ရေးတင်နိုင်တယ်" ဟု ပြောလိုက်သည်။

အဘိုးကြီးအိုဆစ်သည် သူကြီးအန်တစ်ပြောသည့် စကားများ

http://www.cherrythitsar.org



ကို တစ်ခွန်းမျှ နားမည်။ သို့သော်လည်း ကျေနပ်ပြီး အိမ်သို့ ပြန်လာခဲ့တော့သည်။

ထို့နောက် ဆယ်ရက်လောက်အကြာတွင် ကျေးရွာ ရဲအရာရှိတစ်ဦး ရွာသို့ရောက်လာကာ တစ်နာရီလောက်နေပြီး ပြန်သွားသည်။ လေထန်လာပြီး ရာသီဥတုက ပို၍အေးလာသည်။ မြစ်များ ရေခဲသွားပြီး နှင်းများကို မမြင်မတွေ့ရတော့။ လမ်းများသွားလာ၍ မရတော့သဖြင့် လူတွေ ဒုက္ခရောက်ကြတော့သည်။ တစ်ခုသော တနင်္ဂနွေနေ့၏ ညနေခင်းတွင် အိမ်နီးချင်းများသည် အဘိုးကြီးအိုဆစ်နှင့် လာရောက်စကားစမြည်ပြောဆိုကြသည်။ သူတို့သည်မှောင်နှင့်မည်းမည်းအောက်မှာပင် အလ္လပသလ္လာပစကားကို ပြောနေကြသည်။ ပြောသည့်သတင်းများနှင့် ပတ်သက်၍ တစ်ယောက်နှင့်တစ်ယောက် သဘောတူညီမှုမရှိကြ။ အိမ်နှစ်အိမ် သုံးအိမ်က ကြက်များကို ငွေမပေးဆောင်၍ ဖမ်းယူကာ မြို့ပေါ်က ရုံးသို့ပို့လိုက်ရာ အစာမကျွေးသဖြင့် သေဆုံးသွားကြောင်း၊ မည်သူ့ကို အပြစ်တင်ရမည်နည်းဟု သူတို့သည် တရားခံရှာကြသည်။

"ဘယ်သူ့ကို အပြစ်တင်ရမှာလဲ၊ အုပ်ချုပ်ရေး အဖွဲ့ကိုပဲ အပြစ် တင်ရမှာပေါ့"

"ဒါပေါ့ အုပ်ချုပ်ရေးအဖွဲ့ကိုပဲ အပြစ်တင်ရမှပေါ့"

သူတို့သည် ကြွေးကျန်ကိစ္စ၊ အခွန်အတုတ်ကိစ္စ၊ ညှင်းပန်းနှိပ်စက်သည့်ကိစ္စ၊ သီးနှံ အထွက်မကောင်းသည့်ကိစ္စ၊ ကိစ္စအားလုံးအတွက် အုပ်ချုပ်ရေးအဖွဲ့ကိုသာ အပြစ်တင်နေကြသည်။ သို့သော်လည်း အုပ်ချုပ်ရေးအဖွဲ့ဆိုသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကိုလည်းတစ်

http://www.cherrythitsar.org



ယောက်မျှ မသိကြ။ စက်ရုံအလုပ်ရုံများ၊ ဈေးဆိုင်များနှင့် တည်းခိုခန်းများကို ပိုင်ဆိုင်သည့် ချမ်းသာသည့် လယ်သမားများကို အုပ်ချုပ်ရေးအဖွဲ့ဝင်များအဖြစ် ရွေးကောက် တင်မြှောက်ခဲ့ကြရာ မကျေနပ်ကြသဖြင့် စက်ရုံအလုပ်ရုံနှင့် စားသောက်ဆိုင်များတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များကို ဆဲဆိုခဲ့ကြသည့် အကြောင်းများကို ပြောကြပြန်သည်။

ဘုရားသခင်သည် နှင်းများကို မကျစေခဲ့သည့်အကြောင်း၊ ထင်းခွေချိန်တွင် လမ်းများပေါ်တွင် ရေခဲနေသဖြင့် လှူသွား၍မရ၊ လှည်းမောင်း၍မရ ဖြစ်ခဲ့ရသည့် အကြောင်းများကို ပြောကြပြန်သည်။ လွန်ခဲ့သည့် တစ်ဆယ့်ငါးနှစ်၊ အနှစ်နှစ်ဆယ်လောက်က သူတို့ရွာတွင် စကားပြောရဆိုရသည်မှာ အလွန်ပျော်စရာကောင်းသည်။ ထိုခေတ်က အသက်ကြီးရွယ်အို လူကြီးပိုင်းသည် လျှို့ဝှက်ချက်တစ်ခုကို သိနေသည့်ပုံမျိုး၊ တစ်ခုခုကို မျှော်လင့်စောင့်စားနေသည့် ပုံမျိုးအသွင်ဆောင်နေတတ်သည်။ ရွှေတံဆိပ်ရိုက်ထားသည့် စာရွက်စာတမ်းများအကြောင်း၊ လယ်ယာမြေများကို ခွဲဝေကြသည့်အကြောင်း၊ လျှို့ဝှက်ထားသည့် ရတနာများအကြောင်း၊ ထူးခြားဆန်းကျယ်သည့်အရာများနှင့်စပ်လျဉ်း၍ သဘောအမြွက် ပြောကြပုံများအကြောင်းကို ပြောကြသည်။ သို့သော်လည်း ယနေ့ကာလတွင် ဇူကိုဗိုရွာ၌ လူတိုင်းတွင် လျှို့ဝှက်ချက်ဟူသည် မရှိတော့။ ဘဝသည် လူတိုင်းဖတ်ရှုနိုင်အောင် ဖွင့်လှန်ထားသည့် စာအုပ်ကြီးတစ်အုပ်ဖြစ်နေသည်။ လူတိုင်းသည် အခက်အခဲဒုက္ခများအကြောင်း၊ တိရစ္ဆာန်အစားအစာများအကြောင်း၊ နှင်းမကျသည့်အကြောင်းများကိုသာ ပြောဆိုနေကြတော့သည်။

သူတို့အားလုံး တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ သူတို့

http://www.cherrythitsar.org



အားလုံးသည် ဖမ်းယူသွားသည် ကြက်များနှင့် သေဆုံးသွားသည့် သိုးကို သတိရနေမိကြတော့သည်။ မည်သူတို့ အပြစ်တင်ရမည်နည်း ဟူသော ဘူတာသို့ နောက်ဆုံးပြန်ဆိုက်တော့သည်။

"ဘယ်သူ့ကို အပြစ်တင်ရမှာလဲ။ အုပ်ချုပ်ရေးအဖွဲ့ကိုပဲ အပြစ်တင်ရမှာပေါ့" ဟု အဘိုးကြီး အိုဆစ်က မှုန်ကုပ်ကုပ်ဖြင့် ဝင်ပြောလိုက်သည်။

* * *

http://www.cherrythitsar.org



## (၈)

သင်းအုပ်ဆရာရှိသည့် ဘုရားကျောင်းကား ခြောက်မိုင်ဝေးသည့် ကိုဆိုရိုဂိုဗိုရွာတွင် ရှိသည်။ ကျေးလက်နေ တောသူတောင်သားများသည် သင်းအုပ်ဆရာ၏ ဘုရားကျောင်းကို ရေနှစ်မင်္ဂလာပြုလုပ်သည့်အချိန်၊ လက်ထပ်သည့်အချိန်နှင့် အသုဘကိစ္စရှိသည့်အချိန်များမှသာ သွားရောက်လေ့ရှိသည်။ ဝတ်ပြုဆုတောင်းပွဲများ ဆိုလျှင် မြစ်တစ်ဖက်ကမ်းမှ ဘုရားကျောင်းသို့ သွားလေ့ရှိသည်။

မိုးလေကင်းစင် သာယာသည့် တနင်္ဂနွေလို နေ့များတွင် ရွာထဲမှ မိန်းမငယ်ကလေးများသည် ဝတ်ကောင်းစားလှများ ဝတ်ကာ ဆုတောင်းဝတ်ပြုပွဲသို့ အုပ်စုလိုက်သွားတတ်ကြသည်။ မြက်ခင်းပြင်စိမ်းစိမ်းပေါ်တွင် အနီ၊ အစိမ်း၊ အဝါ ရောင်စုံဝတ်စုံများ ဝတ်ပြီးသွားနေလာကြသည်မှာ ကြည့်၍ကောင်းလှသည်။ရာသီဥတုမကောင်း

http://www.cherrythitsar.org



သည့်အချိန်များတွင် အိမ်တွင်းပုန်းလုပ်၍ နေကြကာ သောက်စား မင်္ဂလာပွဲတော်ရက်ရောက်မှသာ ဘုရားကျောင်းသို့ သွားကြသည်။ အီစတာပွဲတော်ရက်ရောက်လျှင် ဘုန်းတော်ကြီးသည် အီစတာပွဲတော် အတွက် ပြင်ဆင်လုပ်ကိုင်ခြင်း မရှိသူများ အိမ်သို့ လက်ဝါးကပ်တိုင် ထမ်းကာ ဆယ့်ငါးကိုပက် ကောက်ခံလေ့ရှိသည်။

အဘိုးကြီးအိုဆစ်သည် ဘုရားသခင်ကို မယုံကြည်။ ဘုရား သခင်အကြောင်းကို တွေးပင် တွေးတောခဲ့သူ မဟုတ်။ သူက နာနာ ဘာဝ ဝိနာဘာဝများကို ယုံကြည်သူဖြစ်သည်။ ဘာသာရေးသည်မိန်းမ များ၏ အလုပ်ဖြစ်သည်ဟု ယူဆထားသည်။ သူ့ရှေ့တွင် ဘာသာရေး အကြောင်း၊ ထူးဆန်းအံ့ဩစရာများအကြောင်းပြောပြီး ခင်ဗျား ဘယ်လိုထင်သလဲဟု မေးလျှင် သူသည် ခေါင်းကြီးကို ကုတ်ကာ...

"မသိနိုင်ဘူးလေဗျာ" ဟု ပြောတတ်စမြဲ။

အဘွားကတော့ ဘာသာရေးကို ခပ်ရေးရေး ယုံကြည်သူဖြစ် သည်။ သူ့ခေါင်းထဲတွင် အရာခပ်သိမ်းသည် အရှုပ်ရှုပ် အထွေးထွေး။ အကုသိုလ်၊ သေခြင်းတရားနှင့် လွတ်မြောက်ခြင်းတရား အကြောင်း များကို စဉ်းစား ရှုမြင်လိုက်သည် ဆိုလျှင်ပင် လိုအပ်မှုများနှင့် ပူပန် သောကများက ခေါင်းထဲသို့ စုပြုံဝင်ရောက်လာပြီး အနိုင်ယူလွှမ်းမိုး သွားတော့သည်။ ထိုအခါမျိုးတွင် စောစောက သူ စဉ်းစား ရှုမြင်ခဲ့ သည်များသည် တစ်မဟုတ်ချင်း ကြက်ပျောက်ငှက်ပျောက် ပျောက် သွားတော့သည်။ အဘွားသည် ဘုရားရှိခိုး ဆုတောင်းစာများကိုလည်း တစ်လုံးမှမရတော့။ ညအိပ်ရာဝင်တော့မည်ဆိုလျှင်

http://www.cherrythitsar.org



“ကာဇန်မယ်တော် ... ဆမိုလင်မယ်တော် ... လက်တော်သုံး ဖက်နှင့် မယ်တော် ...” ဟု တိုးတိုးတိတ်တိတ် ရွတ်ဆို ရှိခိုးလေ့ရှိသည်။

မာရီယာနှင့် မယ်ခလာတို့သည် သောက်စားမင်္ဂလာပွဲတော်ကို တစ်နှစ်တစ်ကြိမ် သွားတက်လေ့ရှိသည်။ သို့သော် ဘာသာရေးကိုတော့ တစ်လုံးမျှနားမလည်။ သားသမီးများကိုလည်း ဘာသာရေးနှင့်ပတ်သက်၍ ဘာမျှသင်ကြားမပေး။ ဘုရားရှိခိုးဆုတောင်း ဘာတစ်ခုမျှမတတ်။ ဘာသာရေး စည်းကမ်းကလနားများကိုလည်း သင်မပေး။ ဥပုသ်ကာအတွင်း အစားမစားဖို့လောက်သာ သိသည်။ အခြားသူများလည်း ထိုအတိုင်းပင်။ ဘာသာရေးတရားကို မယုံကြည်။နားလည်းမလည်ကြ။ သို့သော်လည်း ကျမ်းစာများကိုတော့ သူတို့ သဘောကျကြသည်။ အမြတ်တနိုးရှိကြသည်။ သို့တိုင် သူတို့တွင် ကျမ်းစာအုပ်လည်း တစ်အုပ်မျှ မရှိကြ။ ဖတ်ပြ၊ ရှင်းပြမည့်သူ ဟူ၍လည်း တစ်ယောက်မျှ မရှိကြ။ အိုလဂါက သူတို့ကို ကျမ်းစာများ ဖတ်ပြသဖြင့်အိုလဂါ့ကိုတော့ သူတို့က လေးစားခင်မင်ကြသည်။ အိုလဂါနှင့်ဆာရှာ့ကို လူတိုင်းက ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံကြသည်။

အိုလဂါသည် အနီးအနားမှ ဘာသာရေးပွဲများနှင့် ဆုတောင်းဝတ်ပြုပွဲများသို့ မကြာခဏ သွားတက်တတ်သည်။ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းနှင့် ဘုရားကျောင်း ၂၇ ကျောင်းရှိသည့် မြို့ပေါ်သို့လည်း သွားတက်တတ်သေးသည်။ အိုလဂါသည် မေ့မေ့လျော့လျော့ မိန်းမသားမျိုးဖြစ်သည်။ ဘုရားဝတ်ပြုပွဲ တစ်ခုသို့ ရောက်ပြီဆိုလျှင် မိသားစုကို မေ့လျော့သွားသည်။ အိမ်သို့ ပြန်ရောက်လေမှပင်သူ့တွင် လင်နှင့်သမီး ဆိုသည်ကို ပြန်သတိရမိတော့သည်။ ထိုအခါ

http://www.cherrythitsar.org



မျိုးတွင် "ဘုရားသခင်က ကျွန်မတို့ကို ကောင်းချီးပေးလိုက်တယ် အစ်ကို" ဟု ပြုံးကာ ရယ်ကာ ပြောတတ်သည်။

ရွာထဲမှ မြင်မြင်သမျှ အရာအားလုံးသည် သူမအဖို့ နှလုံးနာစရာ စိတ်ပျက်စရာ။ ရွာသားအားလုံးသည် စိန့်အီလီယပ်စ်ပွဲတော်နေ့တွင်လည်း အရက်ကိုသောက်၊ မယ်တော်မာရီ ကောင်းကင်ဘုံရောက်သည့်နေ့တွင်လည်း အရက်ကိုသောက်၊ လက်ဝါးကပ်တိုင်နေ့တွင်လည်း အရက်ကိုသောက်၊ တစ်သောက်တည်း သောက်နေကြတော့သည်။

ဆုတောင်းပတ္တနာပြုပွဲတော်နေ့ကား ဗူကိုဗိုရွာ၏ ပွဲတော်နေ့ ဖြစ်သည်။ ထိုနေ့တွင် ရွာသားများသည် သုံးရက်လုံးလုံး အရက်ကို မိုးအလင်း သောက်ကြသည်။ ရွာဘုံတောင် ရန်ပုံငွေထဲမှ ရူဘယ် ငါးဆယ်ယူကာ သောက်ကြစားကြသည်။ ထိုငွေကုန်လျှင် တစ်အိမ် တက်ဆင်း အရက်သောက်ရန် ငွေလိုက်တောင်းကြသည်။ အဘိုးကြီး အိုဆစ်တို့မိသားစု ပွဲတော်ရက်တွင် သိုးတစ်ကောင်ကို သတ်စားကြသည်။ မနက်စာလည်း သိုးသား၊ ညနေစာလည်း သိုးသား၊ ညစာလည်း သိုးသား။ ကလေးများမှာ ညအိပ်ရာဝင်ခါနီးအထိ သိုးသားကို ထ စားကြသည်။ ကီရီယာ့ခ်သည်လည်း သုံးရက်လုံးလုံး မိုးမလင်း အရက်သောက်နေတော့သည်။ သူ့တွင် ရှိသမျှ ပစ္စည်း၊ ဦးထုပ်နှင့် ဖိနပ်ပါမချန် ရောင်းပြီး သောက်နေတော့သည်။ မာရီယာ့ကိုလည်း ရက်ရက်စက်စက် တစ်ကိုယ်လုံး ရေလောင်းပြီး ရိုက်ပုတ်သည်။ အားလုံးအရှက်ရပြီး စိတ်နှလုံး နောက်ကျိကြရတော့သည်။

ဗူကိုဗိုရွာတွင် တကယ့်ဘာသာရေးဆန်ဆန် ကျင်းပရသော ပွဲတော်တစ်ခု ရှိသေးသည်။ ထိုပွဲမှာ ဩဂုတ်လတွင်မှ ကျင်းပသည်။ မယ်တော်မာရီရုပ်တုကို တစ်မြို့လုံးအနှံ့ သယ်ဆောင်လှည့်လည်ပြီး

http://www.cherrythitsar.org



ကျေးရွာများအထိ တစ်ရွာပြီးတစ်ရွာ လှည့်ရသည့်ပွဲတော်ဖြစ်သည်။ မယ်တော် မာရီရုပ်တု ဇူကိုဗိုရွာသို့ ရောက်လာသည့်အခါ ရာသီဥတု ငြိမ်သက်ပြီး မိုးအုံ့နေတတ်သည်။ ရွာထဲမှ မိန်းမပျိုကလေးများ သည်ဝတ်ကောင်းစားလှများ ဝတ်ဆင်ပြီး မယ်တော်မာရီရုပ်တုကို နံနက်ခင်းပိုင်းတွင် ဝတ်ပြုကြသည်။ ညနေပိုင်းရောက်သောအခါ မိန်းမပျိုကလေးများသည် ရုပ်တုကို ရွာထဲသို့ သယ်ဆောင် ကာ သီချင်းများသီဆိုပြီး စီတန်းလှည့်လည်ကြသည်။ ထိုအချိန်တွင် မြစ်တစ်ဖက်ကမ်းမှ ခေါင်းလောင်းသံသာသာက မြည်ဟည်းလာသည်။ ထိုအချိန်တွင် ဇူကိုဗိုရွာသားများနှင့် အနီးအနားတဝိုက်မှ လူစု လူဝေးကြီးကြောင့် လမ်းများ ပိတ်ဆို့သွားတော့သည်။ ဆူညံပွက်လော ရိုက်သံများ၊ တိုးတိုက်သံများ၊ ဖုန်လုံးများ အလိပ်လိုက်တက်လာသည်။ အဘိုးကြီးအိုဆစ်၊ အဘွားကြီးနှင့် ကီရီယာ့ခ်တို့သည် မယ်တော် မာရီရုပ်တုကို စေ့စေ့ကြည့်ကာ လက်များဆန့်တန်းပြီး ငိုယိုရင်း "မယ်တော်မာရီ ... ကျွန်ုပ်တို့ကို ကယ်တင်တော်မူပါ" ဟု ပြောတတ် သည်။ သူတို့ပုံက ကမ္ဘာမြေကြီးနှင့် ကောင်းကင်ဘုံ အကြားတွင် အသူတရာနက်သော ချောက်ကမ်းပါးကြီးတစ်ခု မရှိသည်ကို ရုတ် တရက် သိလိုက်သည့်အလား၊ လူချမ်းသာနှင့် တန်ခိုးအာဏာရှိသူ များသည် အရာရာကို အရမယူနိုင် ဆိုသည်ကို သိသည့်အလား၊ စော်ကားမှုများ၊ ကျွန်ပြုမှုများ၊ ဖိနှိပ်မှုများ၊ ဆင်းရဲမွဲတေမှုများနှင့် အရက်သေစာများရန်မှ ကယ်တင်နိုင်သည့် အရာတစ်ခု ရှိနေသည် ဆိုသည်ကို ရုတ်တရက် သိလိုက်ကြရသည့် အလားပင်။

"မယ်တော်မာရီ ... ကျွန်ုပ်တို့ကို ကယ်တင်တော်မူပါ ..."

ဆုတောင်းဝတ်ပြုပွဲ ပြီးသွားသောအခါ မယ်တော်မာရီရုပ်တု

http://www.cherrythitsar.org



ကို သယ်ဆောင်သွားကြတော့သည်။ အားလုံးသည် ယခင်ကအတိုင်း ပြန်ဖြစ်သွားကြတော့သည်။ အရက်ဆိုင်ထဲဆီမှ ရုန့်ရင်းကြမ်းတမ်းသည့် စကားသံများ ပြန်၍ ဆူညံစွာ ပေါ်ထွက်လာသည်။

ချမ်းသာသည့် တောသူတောင်သားများသည် သေမှာကို ကြောက်တတ်ကြသည်။ ချမ်းသာလာလေလေ ဘုရားသခင်ကို အယုံအကြည် နည်းလာလေလေဖြစ်သည်။ ဝိညာဉ်လွတ်မြောက်မှုကို မယုံကြည်လာလေလေဖြစ်သည်။ သူတို့သည် သေခြင်းတရားကို ကြောက်ရွံ့၍သာ ဘုရားသခင်ကို ဆီမီးဖြင့် ပူဇော်ပြီး ဆုတောင်းဝတ်ပြုပွဲများသို့ တက်ကြခြင်းဖြစ်သည်။ ဆင်းရဲသည့် တောသူတောင်သားများသည် သေမှာကို မကြောက်ကြ။ အဘိုးကြီးအိုဆစ်နှင့် အဘွားကမူ သူတို့သည် ခေတ်ကောင်းကို ကြုံခဲ့ပြီးပြီ။ ယခုအချိန်မှာ သေရမည့် အချိန်သာဖြစ်သည်ဟု ပြောကြသည်။ သူတို့သည် ဘာကိုမျှ စိတ်မဝင်စားကြတော့။ သူတို့သည် နီကိုလိုင် သေသည့်အခါ ဖက်ခလာ၏ ခင်ပွန်း ဒင်းနစ်တပ်မှ ထွက်ခွင့်ရကာ အိမ်သို့ပြန်လာနိုင်လိမ့်မည်ဟု ဖက်ခလာကို ပြောတတ်သည်။ မာရီယာကလည်း သေမှာကို နည်းနည်းမျှ မကြောက်။ မြန်မြန်သေလေ ကောင်းလေဟုပင် စိတ်ထဲက အောက်မေ့မိသည်။ သားသမီးတွေ သေသည်ကိုပင် ဝမ်းသာ၍နေခဲ့သည်။

သူတို့တစ်တွေသည် သေရမည်ကို မကြောက်ရွံ့ကြသော်လည်း နာမကျန်းဖြစ်ကြမှာကိုတော့ အသေအလဲကြောက်ရွံ့ကြသည်။ ဗိုက်နာ၊ ခေါင်းကိုက်၊ အအေးမိသည့် အသေးအဖွဲ ရောဂါကလေးများ ဖြစ်သည်ဆိုလျှင်ပင် အဘွားသည် မီးဖိုပေါ်တွင် လှူးလိမ့်ကာ "ငါသေရတော့မယ်" ဟု တတွတ်တွတ် နားမခံသာအောင် ညည်းတွားတတ်သည်။ အဘွား နေမကောင်းဖြစ်လျှင် အဘိုးသည် ဘုန်းတော်ကြီး

http://www.cherrythitsar.org



ကိုပင့်ကာ အဘွားအား အပြစ်ဝန်ခံခိုင်းပြီး အဆုံးအမ ခံယူခိုင်းသည်။ သူတို့သည် အေးသည့်အကြောင်း၊ ခန္ဓာကိုယ်ထဲမှာ နလုံးအထိ ရောက်တတ်သော သန်ကောင်များအကြောင်းနှင့် အကျိတ်အဖုများ အကြောင်းကို ပြောလေ့ရှိသည်။ သူတို့အားလုံးသည် အအေး အလွန်ကြောက်ကြသည်။ နွေခေါင်ခေါင်၌ပင် အနွေးထည်များဝတ်ပြီး မီးဖိုကြီးပေါ်၌ တကက်ထိုင်နေတတ်ကြသည်။ အဘွားသည် ဆေး အကြောင်းပြောရသည်ကိုလည်း ဝါသနာ အလွန်ပါသည်။ ဆေးရုံ သို့လည်း မကြာခဏသွားတတ်သည်။ ဆေးရုံရောက်လျှင် သူ့အသက် ကို ခုနစ်ဆယ်ဟုမပြော။ ငါးဆယ့်ကိုးနှစ်ဟု အမြဲပြောတတ်သည်။ ဆရာဝန်သည် သူ့အသက်အမှန်ကို သိသွားလျှင် ဆေးမကုပေးဘဲ သေသင့်ပြီဟု ပြောကာ သူ့ကိုပြန် လွှတ်မည်ဟု ထင်နေသော ကြောင့်ဖြစ်သည်။ အဘွားသည် ဆေးရုံသို့သွားလျှင် နံနက်စောစော သွားလေ့ရှိသည်။ သူနှင့်အတူ မြေးနှစ်ယောက် သုံးယောက်ကိုလည်း ခေါ်သွားတတ်သည်။ ညနေစောင်း လောက်မှသာ ဆာဆာမောမောနှင့် ဆေးရုံမှ ပြန်လာတတ်သည်။ ပြန်လာလျှင် ဒေါသကလည်း ဖြစ်လိုက် သေးသည်။ သူပြန်လာလျှင် သူ့အတွက် သောက်ဆေးနှင့် ကလေးများ အတွက် လိမ်းဆေးများ ပါလာတတ်သည်။ နီကိုလိုင်ကိုလည်း တစ်ခါ ခေါ်သွားသည်။ သီတင်းနှစ်ပတ်လောက် သောက်ဆေး သောက်လိုက်ရာ အတော်ကလေး သက်သာသွားသည်ဟု ဆိုသည်။

အဘွားသည် ဆရာဝန်မှန်သမျှ အကုန်သိသည်။ သူမသိသူ ခပ်ရှားရှား။ ဆရာဝန်ကိုလည်း သိသည်။ ဆေးရုံအလုပ်သမားကို လည်းသိသည်။ မိုင်သုံးဆယ်လောက်က ရမ်းကုဆရာကိုပင် အဘွား သည် သိသူဖြစ်သည်။ သို့သော်လည်း တစ်ယောက်မျှ သူ့ခံတွင်းမတွေ့။

http://www.cherrythitsar.org



မယ်တော်မာရီ ပွဲတော်ရက်အတွင်းက ဘုန်းတော်ကြီးအိမ်များသို့ လက်ဝါးကပ်တိုင်နှင့်အတူ လာခဲ့စဉ်က ဘုန်းတော်ကြီးနှင့်ပါလာသည့် စာရေးက မြို့ပေါ်တွင်နေထိုင်သည့် အဘိုးကြီးတစ်ယောက်သည် ဆေးအတော်စွမ်းကြောင်း၊ ရောဂါအတော်များများကို ပျောက်အောင် ကုပေးနိုင်ကြောင်း၊ ထိုဆရာနှင့်သွားပြန်ရန် အဘွားအား အကြံပေးရာ အဘွားသည် သဘောကျသွားသည်။ စာရေး၏ အကြံပေးချက်အတိုင်း ဆောင်းဦးပေါက် တစ်ရက်တွင် မြို့ပေါ်သို့သွားခဲ့သည်။ အဘွားပြန် လာသောအခါ မုတ်ဆိတ်မွေး ထူလပျစ်နှင့် ဂျူးအဘိုးကြီးတစ်ယောက် ပါလာသည်။ သူ့မျက်နှာမှာ သွေးကြောစိမ်းစိမ်းထနေသည်။ ထိုအချိန် က လက်မှုပညာသည်များမှာ အိမ်ထဲတွင် အလုပ်လုပ်နေချိန်ဖြစ် သည်။ မျက်မှန်ပုံဆိုးဆိုးကြီးကို တပ်ဆင်ထားသည့် အပ်ချုပ်သမား အဘိုးအိုကြီးသည် ကုတ်အကျီတစ်ထည်ကို ဖြတ်စ,ညှပ်စများဖြင့် ချုပ်နေပြီး လူငယ်ကလေးနှစ်ယောက်က တောစီးဖိနပ်ချုပ်နေကြသည်။ အရက်ဖြတ်ထားသော ကီရီယာ့ခ်သည် အိမ်မှာနေရင်း အပ်ချုပ် သမားကြီး၏ ဘေးတွင် ထိုင်၍ ထမ်းပိုးတစ်လက်ကို ပြင်နေသည်။ တစ်အိမ်လုံး လူတွေပြည့်နေပြီး မွန်းကျပ် နံစော်နေသည်။ ဂျူးဆေး ဆရာကြီးသည် နီကိုလိုင့်ကိုကြည့်ကာ သွေးဖောက်ထုတ် ပစ်ရမည်ဟု ဆိုသည်။

အပ်ချုပ်သမားကြီး၊ ကီရီယာ့ခ်နှင့် ကလေးမကလေးများသည် နီကိုလိုင် သွေးဖောက်နေသည်ကို ရပ်ကြည့်နေကြသည်။ နီကိုလိုင့်ကိုယ် ထဲမှ ရောဂါဝေဒနာ ထွက်လာမည့်အလား ကြည့်နေသည်။ ခွက်ထဲတွင် မဲညစ်သော သွေးများတဖြည်းဖြည်းပြည့်လာသည်။ နီကိုလိုင်သည် နေထိုင်ကောင်းသလိုဖြစ်လာပြီး သူ့ကိုယ်ထဲမှ တစ်စုံတစ်ရာထွက်

http://www.cherrythitsar.org



သွားသလို ခံစားမိသည်။ ကျေနပ်အားရသလို ဖြစ်ကာ ပြုံးလာသည်။

"သိပ်ကောင်းတဲ့နည်းလမ်းပဲ။ နေကောင်းသွားမှာပါ" ဟု အပ်ချုပ်သမားအဘိုးကြီးက ပြောသည်။

ဂျူးဆေးဆရာကြီးသည် နီကိုလိုင့်ကိုယ်မှ သွေးများကို တစ်ဆယ့်နှစ်ခွက်လောက် ဖောက်ယူသည်။ နောက်ထပ် တစ်ဆယ့်နှစ်ခွက်လောက် ထပ်ဖောက်ကာ ရေနွေးကြမ်းသောက်ပြီး ပြန်သွားလေသည်။ နီကိုလိုင်သည် တုန်ရင်၍လာသည်။ သူ့မျက်နှာသည် ရှုံ့မဲ့လာကာ လက်တွေပြာနှမ်းလာသည်။ သူ့ကိုယ်ကို သိုးရေစောင်နှင့် ရစ်ပတ်ခြုံသည်။ အေးသည်ထက် အေးစက်လာသည်။ ညနေခင်းရောက်လာသောအခါ နီကိုလိုင်သည် အားဆုတ်လာကာ သူ့ကိုမီးဖိုကြီးပေါ်သို့ တင်ပေးပါဟု ပြောသည်။ အပ်ချုပ်သမားအဘိုးကြီးကို ဆေးလိပ်မသောက်ပါနှင့်ဟု ပြောသည်။ သိုးရေခြုံရင်း နီကိုလိုင်သည် တဖြည်းဖြည်းငြိမ်သက်လာပြီး နံနက်မလင်းခင်အချိန်တွင် သေဆုံးသွားလေသည်။

* * *

http://www.cherrythitsar.org



# (၉)

ဆောင်းရာသီကား ရှည်လျား ပြင်းထန်လှတော့သည်။ ခရစ္စမတ်ပွဲတော်ရက် ရောက်သောအခါ ရှိရှိသမျှ သီးနှံများ စားသောက်၍ ကုန်ခမ်းသွားသည်။ ဂျုံကို ဝယ်စားနေကြတော့သည်။ ကိုရီယာ့ခ်သည် အိမ်မှာပင် ကျောက်ချနေထိုင်သည်။ ညနေရောက်လျှင် သောက်စားမူးယစ်ပြီး အားလုံးကို အော်ဟစ် ခြောက်လှန့် နှိပ်စက်တော့သည်။ နံနက်လင်းလျှင် ခေါင်းကိုက်ကာ ညကအဖြစ် အပျက်များအတွက် ရှက်နေတော့သည်။ သူ့ကို မြင်တွေ့ရသည်မှာ စိတ်မချမ်းသာစရာ။

နွားခြံထဲက နွားများသည် ဆာလောင်သဖြင့် တဘဲဘဲအော်နေကြသည်။ သူတို့အော်သံကို နေ့ရောညပါ ကြားရသောအခါ အဘွားနှင့် မာရီယာသည် အသည်းကြွေမတတ် ဖြစ်ရသည်။ နှင်းတွေက တစ်

http://www.cherrythitsar.org



ဆောင်းလုံး သည်းသည်းမဲမဲ ကျနေသဖြင့် အခြေအနေက ပို၍ဆိုးလာတော့သည်။ လမ်းပေါ်တွင် နှင်းတွေက အစုလိုက် အပုံလိုက်ကျနေသည်။ ဆောင်းရက်များက ရှည်လျားနေသည်။ အီစတာပွဲတော်နေ့အထိ နှင်းများကျ၍ ကောင်းနေဆဲ။

ဆောင်းသည် မကုန်နိုင်သေး။ ဧပြီဆန်း ရောက်သောအခါ နေ့လယ်နေ့ခင်းများ၌ နွေးပူလာသည်။ သို့တိုင် ညပိုင်း၌ နှင်းများကျနေဆဲ။ ဆောင်းသည် ဖွဲကောင်းဆဲ။ အရှုံးမပေးဆဲ။ နေပြင်းလာလေမှပင် ဆောင်းသည် ပြယ်လွင့်သွားတော့သည်။ နွေရောက်လာသောအခါ စမ်းချောင်းကလေးများ ရေတသွင်သွင် စီးဆင်းစပြုကာ ငှက်ကလေးများ တေးဆိုနေကြသည်။ လယ်တော ယာတောများနှင့် မြစ်ကမ်းနံဘေးမှ ခြံနွယ်ပင်များသည် နွေဦးပေါက်ရာသီ၏ မြစ်ရေလျှံကြောင့် ရေထဲတွင် နစ်မြုပ်နေကြတော့သည်။ ဇူကိုဗိုရွာမှ တစ်ဖက်မြစ်ကမ်းအထိ ကွင်းပြင်ကျယ်ကြီးသည် ရေတဖွေးဖွေးဖြစ်နေသည်။ ရေပြင်ကျယ်ကြီးအပေါ်တွင် တောဘဲငန်းများ ပျံဝဲနေကြသည်။ နွေဦးပေါက်ရာသီ၏ နေဝင်ချိန်များသည် တိမ်သက်တန့်ရောင်စုံဖြင့် လှပဆန်းကျယ်၍နေတော့သည်။ မြင်ကွင်းတွေက အသစ်အသစ်နှင့် မယုံကြည်နိုင်စရာ။ ပန်းချီကားတစ်ချပ်အတွင်းမှ တစ်ခုတည်းသောအရောင်များနှင့် တစ်ခုတည်းသော တိမ်တိုက်များကို မြင်တွေ့နေရသည့်နှယ်ပင်။

ကြိုးကြာငှက်များက ခေါင်းပေါ်တွင် ပျံဝဲနေကြသည်။ သူတို့အော်သံက ကြွေးကြွေးကွဲကွဲ။ သူတို့နှင့်အတူ လိုက်ခဲ့ပါဟု ခေါ်နေသယောင်ယောင်။ တောင်စောင်းအငူတွင် ရပ်ရင်း အိုလဂါသည် လျှံတက်နေသော မြစ်ရေဖွေးဖွေးများ ဝင်လုဆဲဆဲနေနှင့် အရောင်တလက်လက်တောက်ပနေသော ဘုရားကျောင်းတို့ကို အချိန်အတော်

http://www.cherrythitsar.org



ကြာ ငေးကြည့်နေမိသည်။ သူ့ပါးပြင်တွင် မျက်ရည်များ တလိမ့်လိမ့် ဆင်းနေကြသည်။ အဝေး ... ကမ္ဘာမြေကြီး၏ ဟိုဘက်စွန်းတစ်နေရာ အထိ ဖြစ်နိုင်လျှင် ပြေးထွက်သွားချင်မိတော့သည်။ အားလုံးသည် ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။ မော်စကိုသို့ပြန်၍ အိမ်ဖော်ဖြစ်ဖြစ် သွား လုပ်တော့မည်။ ကီရီယာ့ခ်သည်လည်း သူနှင့်အတူလိုက်၍ အိမ်ဖော် အစေခံ၊ အလုပ်ကြမ်း ရရာအလုပ်တစ်ခုခု သွားလုပ်တော့မည်။

လမ်းများခြောက်သွေ့ပြီး ရာသီဥတုပူနွေးလာသောအချိန်တွင် သူတို့ခရီးထွက်ဖို့ ပြင်သည်။ နံနက်မိုးသောက်၍ အရုဏ်ကျင်းချိန် ရောက်သောအခါ အိုလဂါနှင့်ဆာရှာသည် ကျောပိုးအိတ် အထုပ် အပိုးကိုယ်စီဖြင့် တောမှ ထွက်ခွာလာခဲ့တော့သည်။ မာရီယာက သူတို့သားအမိကို လိုက်လံပို့ဆောင်နှုတ်ဆက်သည်။ ကီရီယာ့ခ်က နေထိုင်မကောင်းဖြစ်နေ၍ ချက်ချင်းလိုက်မသွား။ တစ်ပတ်လောက် နေရစ်ခဲ့ဦးမည်။ အိုလဂါသည် နောက်ဆုံးအကြိမ်အဖြစ် ဘုရားကျောင်း ဘက်သို့ မျက်နှာမူကာ ဝတ်ပြုဆုတောင်းသည်။ ကွယ်လွန်သူ ခင်ပွန်းသည်ကို သတိရနေမိတော့သည်။ အိုလဂါသည် ငို၍မနေ သော်လည်း သူ့မျက်နှာမှာ အဘွားအိုကြီးတစ်ယောက်၏ မျက်နှာပမာ အကျည်းတန်ရှုံ့မဲ့၍နေသည်။ ဆောင်းရက်များအတွင်း အိုလဂါသည် ပိန်ချုံးကျသွားခဲ့သည်။ အသားအရေလည်း ကြုံလှီဖျော့တော့သွား ခဲ့သည်။ သူ့ဆီမှ တစ်ချိန်က စွဲမက်ဖွယ်အလှများနှင့် နှစ်လိုဖွယ် အပြုံးများသည် ကွယ်ပျောက်သွားခဲ့ပြီး သူ့မျက်နှာပြင်သည် ဆွေး မြေ့ကြေကွဲသည့် အရိပ်အယောင်များ ယှက်သန်း၍နေသည်။ နားလေး နေသည့် လူတစ်ယောက်နယ် လေးလံထုံထိုင်း၍ နေသည်။ တောရွာ ကလေးနှင့် ရွာသူရွာသားများနှင့် ခွဲခွာမည်ဆိုသောအခါ အိုလဂါသည်

http://www.cherrythitsar.org



ရင်ထဲထိခိုက်၍ နေမိတော့သည်။သူတို့တစ်တွေ နီကိုလိုင့် အလောင်းကို သယ်မသွားကြပုံ၊ တဲအိမ်များအသီးသီးတွင် ဆုတောင်းခဲ့ကြပုံ၊ အိုလဂါ့အား သနားဂရုဏာသက်ပြီး အိုလဂါ့အပူသည် သူတို့အပူ ဟုဆိုကာ သူတို့အားလုံး ငိုယိုခဲ့ကြပုံများကို တရေးရေးစိတ်တွင် မြင်ယောင်၍ လာမိတော့သည်။ နွေနှင့်ဆောင်းရက်များအတွင်း နေ့ရက်နာရီအချိန်တိုင်းတွင် သူတို့အားလုံးသည် ကျွဲနွားတိရစ္ဆာန် များထက် အခြေအနေဆိုးရွားစွာ အသက်ရှင်နေထိုင်ခဲ့ကြသည်။ သူတို့တစ်တွေအကြား အသက်ရှင်နေထိုင်ရခြင်းသည် အသည်းတုန်၊ ရင်တုန်စရာကောင်းလှသည်။ သူတို့တစ်တွေသည် ကြမ်းတမ်း ခက်ထန်လှသည်။ရိုးသားဖြောင့်မတ်မှု မရှိ။ညစ်ပတ်ပေရေသည်။ မူးယစ်သောက်စားကြသည်။ အချင်းချင်း အတူနေပြီး သင့်သင့် မြတ်မြတ် မရှိကြ။တစ်ယောက်တစ်ယောက် အမြဲတမ်း ရန်ဖြစ် သတ်ဖြတ်နေကြသည်။ တစ်ယောက်ကိုတစ်ယောက် အထင်မကြီး။ လေးစားရိုသေခြင်း မရှိကြ။ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ကြောက်လန့်ကြသည်။ ယုံမှားသံသယ ကြီးမားကြသည်။ အရက် ဆိုင်ကို မည်သူကဖွင့်၍ လူတွေ အရက်သမားဖြစ်အောင် မည်သူ လုပ်နေသနည်း။ လယ်သမားများပင်။ ရွာဘုံတောင် ငွေ၊စာသင် ကျောင်းနှင့် ဘုရားကျောင်းငွေများကို အလွဲသုံးစားလုပ်ကာ အရက် သောက်သူများမှာ မည်သူတွေနည်း။လယ်သမားများပင်။အိမ်နီးချင်း ပစ္စည်းများကို ခိုးပြီး အိမ်ကို မီးရှို့သူ၊ ဇော်ဒကာ အရက်ပုလင်း တစ်လုံးနှင့် တရားရုံးတွင် သက်သေ လိမ်ထွက်ဆိုခဲ့သူက မည်သူနည်း။ လယ်သမားများပင်။ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့တွင် လယ်သမားများကို ဆန့်ကျင်ပြောခဲ့သူကရော မည်သူနည်း။လယ်သမားများပင်။သူတို့

http://www.cherrythitsar.org



တစ်တွေနှင့် အတူတူ နေထိုင်ရခြင်းသည် ကြောက်မက်ဖွယ် ကောင်းလှသည်။ သို့သော်လည်း တစ်ချိန်တည်းမှာပင် သူတို့သည် သက်ရှိလူသားများဖြစ်၍ အခြားလူသားများ ခံစားသလို ခံစားကြကာ အခြားလူသားများ ငိုကြွေးသလို ငိုကြွေးတတ်ကြသည်။ သူတို့ဘဝတွင် ဖြေသိမ့်စရာ ရှာမတွေ့။ခါးကျိုးအောင် အလုပ်လုပ်ကြရသည်။နေ့ခင်းကလုပ်ခဲ့သည့် အလုပ်ဒဏ်သည် ညအထိ ခံခဲ့ရသည်။ဆောင်းရာသီများသည် အညှာအတာ ကင်းမဲ့ ရက်စက်လွန်းလှသည်။ထွက်သည့် ကောက်ပဲသီးနှံက မလုံမလောက်။စားမည့်ပါးစပ်ပေါက်များကမနည်း။မည်သူ့ဆီက အကူအညီမျှမရ။မည်သည့်နေရာကမျှမကူညီနိုင်။ ချမ်းသာသူများနှင့် ဩဇာအာဏာ ရှိနေကြသူများမှာလည်း သူတို့ကိုယ်တိုင်က ရိုင်းစိုင်းနေကြသောကြောင့်၊မရိုးမဖြောင့်ကြသောကြောင့်၊မူးရူး ရန်ဖြစ်နေကြသောကြောင့် တစ်ပါးသူကိုမကူညီ။ အရာရှိပေါက်စနှင့် စာရေးအဆင့်လောက်ကပင် တောမှလူများကို ကလေကချေအဆင့်လောက် သဘောထား ဆက်ဆံတတ်ကြသည်။ရွာလူကြီးများနှင့် ဘုရားကျောင်းအကြီးအကဲ ဘဏ္ဍာထိန်းများကို "မောင်မင်း"ဟူသည့် အသုံးအနှုန်းမျိုးဖြင့် ခေါ်ဝေါ်သုံးစွဲတတ်ကြသည်။ သူတို့တွင် ဤသို့ခေါ်ပိုင်ခွင့်ရှိသည် ဟုလည်းယူဆနေကြသည်။ ဤလို လောဘရမ္မက်ကြီးသော သူတစ်ပါးပစ္စည်းကို ငမ်းငမ်းတက် လိုချင်တပ်မက်သော၊ကာမဂုဏ် ကျူးသောလူပျင်းများဆီမှ မည်သည့်အကူအညီနှင့် အတုယူစရာများ ရရှိနိုင်ပါမည်နည်း။ သူတို့တစ်တွေ တောကိုလာသည့် ရည်ရွယ်ချက်သည် တောမှလူများကို စော်ကားမော်ကားလုပ်ရန်၊ တောမှပစ္စည်းများကို လုယူရန်နှင့် တောသူတောင်သားများကို ခြောက်လှန့်ရန်

http://www.cherrythitsar.org



သာဖြစ်သည်။ ပြီးခဲ့သည့် ဆောင်းက ကီရီယာ့ခ်အား ပြစ်မှုတစ်ခုကြောင့် ကြိမ်ဖြင့် ရိုက်နှက်ခဲ့စဉ်က စိတ်ထိခိုက် ကြောက်လန့်ခဲ့ကြသော ရွာသူရွာသားများ၏ မျက်နှာများကို အိုလဂါပြန်၍ သတိရမြင်ယောင်လာမိသည်။

သည်လူအားလုံးအတွက် အိုလဂါ စိတ်ထိခိုက်နေမိတော့သည်။ အကြီးအကျယ် စိတ်ထိခိုက်ရသည်။ လျှောက်နေရင်းမှပင် အိုလဂါသည် တောရွာလေးကို သမင်လည်ပြန် လှည့်ကြည့်မိသည်။

သုံးမိုင်လောက်ရောက်သောအခါ မာရီယာက နှုတ်ဆက်သည်။ မာရီယာသည် ဒူးထောက်ထိုင်ချလိုက်ပြီး မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ တရှုံ့ရှုံ့ ငိုယိုလေတော့သည်။

"ကျွန်မ တစ်ယောက်တည်းပဲ နေရစ်ခဲ့ရပြီ။ ဆိုးဝါးလိုက်တဲ့ကုသိုလ်ကံ..."ဟု ဆိုမြည်းတမ်းလေသည်။

မာရီယာသည် အချိန်အတော်ကြာအောင် ဒူးထောက်ငို၍နေလေသည်။ အိုလဂါနှင့်ဆာရှာသည် မာရီယာ ဒူးထောက်ပြီး ခေါင်းကို လက်နှင့် အုပ်ကိုင်ကာ မြေကြီးပေါ်သို့ အကြိမ်ကြိမ် ဦးခိုက်၍နေသည်ကိုမြင်တွေ့နေရသည်။မာရီယာ့ ခေါင်းပေါ်တွင် ကျီးများ ပျံဝဲ၍ နေကြသည်။

နေက တဖြည်းဖြည်း မြင့်တက်ပြီး ပူလာသည်။ ဇူကိုဗိုရွာကလေးကား အဝေးမှာ မှိုင်းပျပျ ကျန်ရစ်ခဲ့ပြီ။လမ်းလျှောက်နေရသည်မှာ ပျော်စရာကောင်းလှသည်။အိုလဂါနှင့် ဆာရှာတို့သည် ဇူကိုဗိုကျေးရွာကလေးနှင့် မာရီယာတို့ကို မကြာခင်မေ့ပျောက်သွားကြတော့သည်။ စိတ်ထဲတွင် ပျော်ရွှင်လာသည်။ စိတ်အာရုံများလည်း ပြောင်းလဲသွားသည်။ တောင်ပူစာကလေးတစ်ခု၊ထို့နောက် ကြေးနန်း

http://www.cherrythitsar.org



တိုင်များ။အမည်မသိသည့် နေရာတစ်နေရာမှ အခြားအမည်မသိ သည့် နေရာတစ်ခုဆီသို့ ရောက်သွားပြီး မိုးကုပ်စက်ဝိုင်းအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည့် လျှို့ဝှက်ဆန်းကျယ်လှသည့် အသံကလေးတွေ...။

ထို့နောက် အဝေးကပင် လှမ်းမြင်တွေ့နိုင်သည့် ကောက်ပင် စိမ်းမြွထဲမှ ယာတောအိမ်ကလေး။ စွတ်စိုသည့် ရွှံ့နံ့၊ နွံနံ့က သင်းမြနေသည်။ စိတ်ချမ်းသာ ပျော်ရွှင်ခဲ့သူများ နေခဲ့ပုံရသည့် အိမ်ကလေး ဖြစ်ပုံရသည်။ လယ်တောထဲတွင် ဖွေးဖွေးဖြူနေသည့် မြင်းအရိုးစု တစ်ခု။မိုးဆွေငှက်များက မမောနိုင်မပန်းနိုင် တေးသီဆို နေကြပြီး ငုံးငှက်တွေက ငိုသံမြည်နေကြသည်။ စပါးတောထဲမှ ငှက်ကလေး၏ စိုးစိုးစီစီမြည်သံသည် သံပတ္တာမြည်သံအလား ထင်မှတ်ရသည်။

နေ့လယ်ခင်းအချိန်လောက်တွင် အိုလဂါနှင့်ဆာရှာတို့သည် ရွာကြီးတစ်ရွာသို့ ရောက်လာခဲ့ကြသည်။ လမ်းကျယ်တစ်ခုသို့ ရောက်လာသောအခါ အဘိုးအို တစ်ယောက်ကိုတွေ့သည်။ဗိုလ်ချုပ် ကြီး ဖူးကော့၏ ထမင်းချက်အဘိုးကြီးပင်။သူ၏ နီရဲပြီး ချွေးစို့နေသော ခေါင်းပြောင်ပြောင်သည် နေရောင်ထဲတွင် အရောင်လက်၍နေသည်။ အိုလဂါနှင့် အဘိုကြီးသည် တစ်ယောက်နှင့် တစ်ယောက် ချက်ချင်း မှတ်မိ သွားကြသည်။ သို့သော် စကားတစ်ခွန်းတစ်ပါဒမျှ မပြော။ ကိုယ့်လမ်းကို လျှောက်ကာ ခရီးကိုယ်စီ ဆက်ခဲ့ကြသည်။ အနီးအနားမှ အခြားအိမ်များထက် ပိုချမ်းသာပုံရသည့် အိမ်သစ်တစ်လုံး၏ ဖွင့်ထားသော ပြတင်းပေါက်များရှေ့သို့ ရောက်သောအခါ အိုလဂါသည် ခြေစုံရပ်၍ ဦးညွှတ်လိုက်သည်။ အသံကိုမြှင့်၍...

http://www.cherrythitsar.org



"အော်သိုဒေါက် ခရစ်ယာန်များ ...ဘုရားသခင်၏ မေတ္တာတော်ကြောင့် အကျွန်ုပ်တို့ကို ပစ္စည်းဥစ္စာများ စွန့်ကြဲတော်မူပါ...။ သခင်ယေရှုခရစ်သည် သင့်မိဘများ၏ ဝိညာဉ်များနှင့်အတူ ရှိတော်မူပါစေသော၊ကောင်းကင်နိုင်ငံတော်သို့ ရောက်ရှိပါစေသော်"ဟု ရွတ်ဆိုလေသည်။

ဆာရာကလေးကလည်း ...

"အော်သိုဒေါက် ခရစ်ယာန်များ ...ဘုရားသခင်၏မေတ္တာတော်ကြောင့် စွန့်ကြဲတော်မူပါ၊ ကောင်းကင်နိုင်ငတော်..."ဟု ရွတ်ဆိုလိုက်လေသည်။ ။

လင်းဝေမြိုင်

၂၇၊ အောက်တိုဘာ၊ ၁၉၉၄။

http://www.cherrythitsar.org

# အရွှတ်ကောင်းကင်စာအုပ်

- လေးရှုပ် (အာရ်ကေနာရာယန်း - အိန္ဒိယ)
- မုသားမပါ လက်သမရော (အာရ်ကေနာရာယန်း - အိန္ဒိယ)
- မကျင်းပလိုက်ရသည့် အသက်လေးဆယ်ပြည့်မွေးနေ့ (အာရ်ကေနာရာယန်း - အိန္ဒိယ)
- ဆုံးဖြတ်ချက် (ရှိုမိုလာရွှန်းဘတ် - အိန္ဒိယ)
- ညများမဟူရာ (ပရေတ်တစ်ရှိန်နန်ဒီ - အိန္ဒိယ)
- မျှော်ညှဉ့်သူ (အန်တွန်ချက်ကောဗ် - ရုရှား)
- အမေနဲ့တွေ့ချင်သေးသလား (ဇရန်စစ်ရက်ဘစ် - အင်္ဂလိပ်)
- အိမ်ပြေး (ဇရန်စစ်ရက်ဘစ် - အင်္ဂလိပ်)
- တဲ့လှည့်သံသရာ (ကွန်စတင့်ကျေဖော်စတာ - အင်္ဂလိပ်)
- စကားထာ (အာ့စ်ကင်းကောဒ်ဝဲလ် - အင်္ဂလိပ်)
- ဟိုတယ် (အဒီဝါလီမာကျာပီးရာစ် - အာဖရိက)
- ရေမြှုပ်ဆုံးမတော့ကွယ် (ချက်စ်သွန်မဆင် - အမေရိကန်)
- အချစ်စမ်းချင်စမ်း မစမ်းချင်နေ (အက်စ်ဆိုင်ဂါဇီရာ - အမေရိကန်)
- သောင်ယံကမ်းမှ အလွမ်းပန်းချီ (မာရီရှားမန်းဟဲလ်ဘတ် - အမေရိကန်)
- အမေ့ကိုတွေ့တဲ့နေ့ (မိတ်သ်အယ်လ်မာဟာနီ - အမေရိကန်)
- လှံကြွင်းကောင်းသူ (ရှိုင်ပေါ်ကင်မ် - အမေရိကန်)
- ဘဝဆိုတာပန်းပမာ (ကျွမ်းအေမက်ခ်ရော့က်ကန် - အမေရိကန်)
- ပုထုဇ္ဇနော ဥမ္မတကော (ဂိုင်ဒီမိုပါဆွန်း - ပြင်သစ်)
- စိန့်ရုပ်ထိုး (အိုက်ဇက်ဘာရှီဗစ်ဆင်းဂါး - ရုရှား)

... စသည် နိုင်ငံတကာ ရသစုံ

**ဆရာလင်းဝေမြိုင် စုဆောင်း ပြန်ဆိုထားသည့်**

**အမေနဲ့တွေ့ချင်သေးသလား နိုင်ငံတကာဝတ္ထုတိုများ**

**မကြာမီ ထွက်ပါတော့မည်။**

http://www.cherrythitsar.org

## အရုတ်ကောင်းကင်စာအုပ်

အမျိုးသမီးဟာ လှဲနေရာက ထရပ်လိုက်ပါတယ်။
ဆံပင်တွေဖြူပြီး သွားတွေ လုံးဝမရှိတော့ပေမယ့်
အသက်ကတော့ ငယ်သေးတာ အမှန်ပါပဲ။
သုံးဆယ်တောင်မှ မကျော်ဦးမယ် မထင်ဘူး။
သူမဟာ ကျွန်ုပ်ဆီကို လျှောက်လာပြီး
ကျွန်ုပ်ရှေ့မှာ ခါးထောက်ပြီး ရပ်နေတယ်။

နွေ့စိတ်ရွှး
**Hot Weather Jokes.**

သူက သီချင်းဆိုသလို ရေရွတ်နေတာဗျ။
ကျွန်ုပ်ဟာ နှုတ်ခမ်းတွေကို ဖြတ်လှမတတ်ကိုက်ပြီး
သူ့ကိုကြည့်နေမိတယ်။
ပစ္စတိုထဲမှာသာ ကျည်ဆန်ရှိလို့ကတော့
အဖုချက်ချင်းကို ပစ်သတ်မိမှာ သေချာတယ်။
ရှိနံ့ပ်အတွက်ကြောင့်သာ မဟုတ်ဘူး။
ဒီကောင် သေတက်မျက်ကို ကြည့်နေရတာ
အောနေလို့ နာလှန်းကို့ဗျ။

ကြောက်စရာရောမ
**The Terror of Rome.**

## ဆရာမောင်ထွန်းသူ ဘာသာပြန်ခဲ့ပြီး
## စာအုပ်အဖြစ် မထုတ်ဝေရသေးတဲ့လက်ကျန်
## မော်ရေးဖီးယားဝတ္ထုတိုများ

## ကြောက်စရာ ရောမ

မော်ရေးဖီးယားဝတ္ထုတိုများ

မကြာမီ ထွက်ပါတော့မည်။

■

http://www.cherrythitsar.org

